ထိုနောင် အညမညမူလယမကကို ဟောတော်မူ၏။ ကား။
ယေကေစိ သုခါယဝေဒနာယ သမ္ပယုတ္တမူလေန ဧကမူလာမမ္ဗာ။
သမ္ဗေတေ သုခါယ ဝေဒနာယသမ္ပယုတ္တမူလေန အညမညမူလာ
တိ။မူလာနိယာနိကေတော ဥပ္ပဇ္ဇန္တိ သုခါယဝေဒနာယ သမ္ပယုတ္တ
မူလာနိ ဧကမူလာနိစေဝ အညမည မူလာနိစ၊ အဝသေသာ
သုခါယဝေဒနာယ သမ္ပယုတ္တမူလသဟဇာတာ မမ္ဗာ သုခါယ
ဝေဒနာယ သမ္ပယုတ္တမူလေန ဧကမူလာ၊နစအညမညမူလာ။ ။
ယေဝါပန သုခါယ ဝေဒနာယ သမ္ပယုတ္တမူလေန အညမညမူ
လာ သဗ္ဗေတေမမ္ဗာ သုခါယဝေဒနာယ သမ္ပယုတ္တာတိ။အာမန္တာ
တည်း။

အနုကား သဟိတ်သုခသဟဂုတ် ခြောက်ဆယ် သုခါယဝေဒ
နာယ သမ္ပယုတ္တမူင်းခု ဒေါသ ဠသာ မန္တရိယ ကုက္ကုစ္စ ဝိစိ
ကိစ္ဆာကြဉ်သော စေတသိက် ဒွေစတ္တာလီသ ပဉ္စဝေါကာရဘုံ၌
ဖြစ်သောအခါ ရဟန္တာတို့၏ စုတိကြဉ်သော သဟိတ်သုခသဟ
ဂုတ် နာမက္ခန္ဓာတို့သည် ယထာရဟာပြုအပ်သော သဟိတ်စိတ္တ
ဇရုပ် သုခသဟဂုတ် ပဋိသန္ဓေရှစ်ခုတို့နှင့် ယထာရဟာအတူ ဥပါဒ်
သော သဟိတ်ကမ္မဇရုပ်ရ၏။ သုခါယဝေဒနာယ သမ္ပယုတ္တမူ

ငါးခုလည်းရ၏၊ သံသယကား နောက်သာရ၏။ ပဋိလောမလည်း ယခင်သံသယအရပင်။ ၊ဤနည်းကိုမှီ၍ ဝေဒနာတိက်ကုန်အောင်ဟောလေ။ ။ဒုက္ခမှာ ဒွေယေဝထုတ်လေ။ အဒုက္ခမသုခမှာ ပဥ္စဝ။-နာမမူမှာဒွါဒသေဝထုတ်လေ။ ။ဝေဒနာတိက်ပြီး၏။

ဝိပါကတိက်၌ ယေကေစိဝိပါကာဓမ္မာ သဗ္ဗေတေဝိပါကမူလာတိ။ တိကောဝဝိပါကမူလာနိ အဝသေသာ ဝိပါကာဓမ္မာ နဝိပါကမူလာ။ ။ယေဝါပန ။ပ။ အာမန္တာ။ ။အနုကား ဝိပါက်ဆတ္တိံသ ဝိပါကမူသုံးခုကြဉ်သော စေတသိက် ပဥ္စတိံသရ၏။ ဝိပါကမူသုံးခုလည်းရ၏။ သံသယကား နောက်သာရ၏။ ။ပဋိလောမ၌လည်း ယခင်သံသယအရပင်။

ယေကေစိ ဝိပါကာဓမ္မာ၊ သဗ္ဗေတေ ဝိပါကမူလေန ဧကမူလာတိ။ အဟေတုကံ ဝိပါကံဝိပါကမူလေန နဧကမူလံ။ သဟေတုကံဝိပါကံ ဝိပါကမူလေန ဧကမူလံ။ ။ယေဝါပန ဝိပါကမူလေန ဧကမူလာ သဗ္ဗေတေဓမ္မာ ဝိပါကာတိ။ ဝိပါကသမုဋ္ဌာနံ ရူပံ ဝိပါကမူလေန ဧကမူလံ နဝိပါကံ။ ဝိပါကံ ဝိပါကမူလေန ဧကမူလဉ္စေဝ ဝိပါကဉ္စ။ ။အနုကား အဟိတ် ဝိပါက်ပန္နရသ ဆန္ဒဝီရိယကြဉ်သော အညသမာန်း ကောဒ္ဒသရ၏။ သဟိတ် ဝိပါက်ဧကဝီသ စေတသိက်အဋ္ဌတိံသလည်းရ၏။ သံသယကား နောက်သာရ၏။ ပဋိကား ပဉ္စဝေါကာရဘုံ၌ အရူပဝိပါက်လေးခု ရဟန္တာတို့စုတိကြဉ်သော သဟိတ်ဝိပါက် နာမက္ခန္ဓာ တို့သည် ယထာရဟဖြစ်အပ်သော သဟိတ်စိတ္တဇရုပ် သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေတရသတို့နှင့် ယထာရဟအတူ ဥပါဒ်သော သဟိတ် ကမ္မဇရုပ်ရ၏။ သဟိတ်ဝိပါက်ဧကဝီသစေတသိက်အဋ္ဌတိံသလည်း ရ၏။ သံသယကား နောက်သာရ၏။

ယေကေစိ ဝိပါကမူလေန ဧကမူလာဓမ္မာ။ သဗ္ဗေတေဝိပါကမူလေန အညမညမူလာတိ။ မူလာနိယာနိ ဧကတော ဥပ္ပဇ္ဇန္တိ

ဝိပါကမူလာနိ ကေမူလာနိစေဝ အညမညမူလာနိစ။အဝသေသာ ဝိပါက မူလသဟဇာတတာဝမွာ ဝိပါကမူလေန ကေမူလာ။ နစ အညမညမူလာ။ ။ယေဝါပန။ပ။အာမန္တာ။ ။အနုကား သဟိတ် ဝိပါက်ကေဝိသ ဝိပါကမူသုံးခုမှတပါး စေတသိက်ပဉ္စတိံသ ပဉ္စ ဝေါကာရဘုံ၌ အရူပဝိပါက် လေးခု ရဟန္တာတို့ စုတိကြဉ်သော သဟိတ်ဝိပါက် နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ် သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေဘေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ကမ္မဇရုပ်ရ၏။ ဝိပါကမူ သုံးခုလည်း ရ၏။ ပဋိလောမ၌လည်း ယခင်သံသယအရပင်။ ။ ဒုတိယပုဒ်မှာ ကုသိုလ်ဟိတ်သုံးခု။ အကုသိုလ်ဟိတ်သုံးခု။ ဆဋ္ဌဝ ဝိပါကမ္မမူလာနိဟု ထုတ်။

ကေမူမှာ အပေါ်တုက်ဝိပါကမ္မံဟု ထုတ်။ ။သန္နိဋ္ဌာန်ကား မောဟမူဒွေး၌ မောဟရ၏။ အကုသိုလ်ဒွါဒသ ကုသိုလ်ဧကဝိသ မောဟမူဒွေး၌ မောဟကြဉ်သောစေတသိက် ဒွေ ပညာသလည်း ရ၏။ သံသယကား နောက်သာရ၏။ ။ပဋိလောမမှာ ကုသိုလ် အကုသိုလ်သည် ပြုအပ်သောရုပ်ကိုသန္နိဋ္ဌာန်ကောက်။ ။အညမည မူ၌ လွယ်ပြီ။

တတိယပုဒ်၌ တီကော်ဝ နေဝဝိပါက နဝိပါက မ္မမူလာနိဟု ထုတ်။ ။သန္နိဋ္ဌာန်ကား ကြိယာဝိသ မူသုံးခုမှတပါး စေတသိက် ဗာတ္တိံသရုပ်အဋ္ဌဝိသ နိဗ္ဗာန်ရ၏။မူသုံးခုလည်းရ၏။ သံသယကား နောက်သာရ၏။

ကေမူ၌ အပေါ်တုက် နေဝ ဝိပါကနဝိပါကမ္မံ နေဝဝိပါက န ဝိပါကမ္မမူလေန နကေမူလံ။ သပေါ်တုက် နေဝဝိပါက နဝိပါက မ္မံ နေဝဝိပါက နဝိပါကမ္မမူလေနကေမူလံ။ ။ယေဝါပန။ပ။အာ မန္တာ။အနုကားအဟိတ်ကြိယာသုံးခု ဆန္ဒကြဉ်သောအညသမာန်း ဒွါဒသ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ဒွေ ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ်

အကုသိုလ် ဝိပါက် ဗာဝီသ အဟိတ်ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ် ပဉ္စဝေါကာရပဋိသန္ဓေပန္နရသ တို့နှင့် ယထာရဟအတူ ဥပါဒ်သော ကမ္မဇရုပ် ဗာဟိရရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် နိဗ္ဗာန်ရ၏။ သဟိတ်ကြိယာသတ္တရသစေတသိက်ပဉ္စတိံသ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ သဟိတ်ကြိယာနာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ်လည်း ရ၏၊ သံသယကား နောက်သာရ၏။ ။ပဋိလောမ၌လည်း ယခင်သံသယအရပင်။ ။အညမညမူ၌လည်း ယခင်သံသယအရပင်။ မူသုံးခုကိုနှုတ်၍ နှစ်ခုစွဲ၍ ကောက်လေ။ နာမမူ၌ ဒွါဒသောဝ နာမမူလာနိဟု ဟောလေ။ ကုသလတိက် အတိုင်း ကောက်လေ၊

ဝိပါကတိက်ပြီး၏။

---

ဥပါဒိန္နတိက်၌ ယေကေစိ ဥပါဒိန္နုပါဒါနိယာဓမ္မာ သဗ္ဗေ တေ ဥပါဒိန္နုပါဒါနိယမူလာတိ။ တီဏေဝ ဥပါဒိန္နုပါဒါနိယ မူလာနိ။ပ။ အာမန္တာ။ ။အနုကား လောကီဝိပါက်ဗာတ္တိံသ ဥပါဒိန္နုပါဒါနိယမူသုံးခုကြဉ်သော စေတသိက်ဗာတ္တိံသ ကမ္မဇရုပ်နှစ်ဆယ်ရ၏။ မူသုံးခုလည်းရ၏။သံသယကားနောက်သာရ၏။ အနုလောမလည်း သံသယအရပင်။

ကေမူ၌ အဟေတုကံ ဥပါဒိန္နုပါဒါနိယံ ဥပါဒိန္နုပါဒါနိယမူလေန နကေမူလံ။ သဟေတုကံ ဥပါဒိန္နုပါဒါနိယံ ဥပါဒိန္နုပါဒါနိယမူလေန ကေမူလံ။ ။ယေဝါပန ဥပါဒိန္နုပါဒါနိယသမုဋ္ဌာနံ ရူပံ ဥပါဒိန္နုပါဒါနိယမူလေနကေမူလံ၊ဥပါဒိန္နုပါဒါနိယံ။ပ။ဍ။ ။အနုကား အဟိတ်ဝိပါက် ပန္နရသ ဆန္ဒ ဝီရိယ ကြဉ်သော အညသမာန်း ဒွါဒသ အဟိတ် ပဋိသန္ဓေ နှစ်ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ် ကမ္မဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ်ရ၏။ သဟိတ်လောကီဝိပါက် သတ္တရသ

စေတသိက်ပဉ္စတိံသ သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေတောရသ တို့နှင့်ယထာရဟ အတူဥပါဒ်သော သဟိတ်ကမ္မဇရုပ်လည်း ရ၏။ သံသယကား နောက်သာရ၏။ ။ပဋိကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပ ဝိပါက်လေးခု ရဟန္တာတို့စုတိကြဉ်သော သဟိတ်လောကီဝိပါက် နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ် သော သဟိတ်စိတ္တဇရုပ်ရ၏။ သဟိတ်လောကီဝိပါက် သတ္တရသ စေတသိက်ပဉ္စတိံသ ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်လည်း ရ၏။

အညမညမှု၌ ပါဠိရှုတ်မြဲ။ ။အနု ကား သဟိတ် လောကီ ဝိပါက် သတ္တရသ မှုသုံးခု ကြဉ်သော စေတသိက် ဗာတ္တိံသ ပဉ္စ ဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု,ရဟန္တာတို့စုတိ ကြဉ်သော သဟိတ်လောကီဝိပါက်နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ်စိတ္တဇရုပ်, သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ကမ္မဇရုပ် ရ၏။ ဥပါဒိဏ္ဏ။ပ။ မှုသုံးခုလည်းရ၏။ သံသယကား နောက်သာ ရ၏။ ပဋိလောမပုစ္ဆာ၌ ယခင် သုံသယအရပင်။

ဒုတိယပုဒ်၌ ဆင္ဌေဝအနုပါဒိဏ္ဏုပါဒါနိယ မှုလာနိဟု ရှုတ်။ ။ သန္နိဋ္ဌာန်ကား အကုသိုလ်ဒွါဒသ လောကီ ကုသိုလ် သတ္တရသ ကြိယာဝီသ မှုခြောက်ခု ကြဉ်သော ဇစေတသိက် ဆစတ္တာလီသ တိဇရုပ်သတ္တရသ ဇဲရတာဘင်ရ၏။ မှုခြောက်ခုလည်း ရ၏။ သံသယကား နောက်သာရ၏။

ကေမှု၌ အဟေတုကံအနုပါဒိဏ္ဏုပါဒါနိယံ အနုပါဒိဏ္ဏုပါဒါ နိယမှုလေန နကေမှုလံ- သဟေတုကံ အနုပါဒိဏ္ဏု ပါဒါနိယံ။ပ။ လံ။ ။ယေဝါပန။ပ။ အာမန္တာ။ ။သန္နိဋ္ဌာန် ကား။ အဟိတ် ကြိယာမှုသုံးခု ဆန္ဒကြဉ်သော အညသမာန်း ဒွါဒသ။ မောဟမှု ဒွေး၌ မောဟ။ ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်

လေးခု ပဉ္စဝိညာဉ်တဆယ် ရဟန္တာတို့ စုတိကြည်သောလောကီ ဝိပါက်အဟိတ်ကြိယာ လောကုတ္တရာနာမက္ခန္ဓာတို့သည် ယထာ ရဟပြုအပ်သော စိတ္တဇရုပ် ဗာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် ရ၏။ အကုသိုလ် ဒွါဒသ လောကီ ကုသိုလ် သတ္တရသ သဟိတ် ကြိယာသတ္တရသ မောဟမူဒွေး၌ မောဟကြည်သော စေတသိက် ဒွေပညာသ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ လောကီကုသိုလ် အကုသိုလ် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ် သော သဟိတ် စိတ္တဇရုပ်လည်း ရ၏။ သံသယကား နောက်သာ ရ၏။ ။အညမညမူ၌ ယခင် သံသယကိုပင် မူခြောက်ခုနုတ်၍ နှစ်ခုခွဲကောက်လေ။

တတိယပုဒ်၌ တီကောဝ အနုပါဒိန္နုအနုပါဒါနိယ မူလာနိဟု ဟောလေ။ ။ကေမူ၌ အဟေတုကံ အနုပါဒိန္နုအနုပါဒါနိယံ၊ပ။ သဟေတုကံ အနုပါဒိန္နု အနုပါဒါနိယံ။ပ။ ။ယေဝါပန အနုပါ ဒိန္နု အနုပါဒါနိယသမုဋ္ဌာနံ ရူပံ။ပ။ ကေမူလံ။ နအနုပါဒိန္နုအနု ပါဒါနိယံ။ ပ။ဥ။ ။အန ကား နိဗ္ဗာန်ရ၏။ လောကုတ္တရာစိတ် ရှစ်ခု စေတသိက် ဆတ္တိံသလည်း ရ၏။ ။သံသယကား နောက်သာရ၏။ ။ပဋိ ကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ လောကုတ္တရာနာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇ ရုပ် သတ္တရသရ၏။ လောကုတ္တရာစိတ်ရှစ်ခု စေတသိက်ဆတ္တိံသ လည်း ရ၏။ အညမညမူ၌ ကေမူအရတွင် မူသုံးခုကိုနုတ်၍ နှစ်ခု ခွဲ၍ကောက်။ နာမပဒ၌ ဒွါဒသေဝ နာမမူလာနိဟု ဟောလေ။ ။

ဥပါဒိန္နတိက်ပြီး၏။

---

သံကိလိဋ္ဌတိက်၌ ပဌမပဒကို အကုသလပဒအတိုင်း ကောက် လေ။ ဒုတိယပဒ၌ တီကောဝအသံကိလိဋ္ဌ သံကိလေသိက မူလာနိ ဟူ၍ ဟောလေ။ ။သန္နိဋ္ဌာန်ကား လောကီ ကုသိုလ် သတ္တရသ လောကီဝိပါက် ဗာတ္တိံသ ကြိယာဝီသ မူသုံးခု ကြည်သော စေ

တသိက် ပဉ္စတိံသ ရုပ်အဋ္ဌဝီသရ၏။ မူသုံးခုလည်းရ၏။ သံသယ ကား နောင်သာရ၏။

ကေမူ၌ အဟေတုကံ အသံကိလိဋ္ဌ သံကိလေသိကံ အသံ ကိလိဋ္ဌ။ပ။ သဟေတုကံ အသံကိလိဋ္ဌ သံကိလေသိကံ။ပ။လံ။ ။ ယေဝါပန။ပ။ အာမန္တာ။ ။အနုကား အဟိတ်စိတ် အဋ္ဌာရသ ဆန့်ကြဉ်သော အညသမာန်းဒွါဒသ။ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော ကုသိုလ် အကုသိုလ် အဟိတ်ဝိပါက် အဟိတ်ကြိယာ ဓလာကုဏ္ဍရာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇရုပ် အဟိတ် ပဋိသန္ဓေ နှစ်ခုနှင့် ယထာရဟ အတူဥပါဒ်သောအဟိတ်ကမ္မဇရုပ် ဗာဟိရရုပ် အာ ဟာရဇရုပ် ဥတုဇရုပ် အသညသတ် ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် ရ၏။ လောကီကုသိုလ် သတ္တရသ သဟိတ် လောကီ ဝိပါက် သတ္တရသ သဟိတ်ကြိယာ သတ္တရသ စေတသိက်အဋ္ဌတိံသ။ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော လောကီကုသိုလ် သဟိတ်လောကီဝိပါက် သဟိတ် ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇ ရုပ် သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟ အတူ ဥပါဒ်သော သဟိတ် ကမ္မဇရုပ်လည်း ရ၏။ သံသယကား နောက်သာရ၏။ ။ပဋိလောမ၌လည်း ယခင်သံသယအရပင်။ ။ အညမညမူ၌လည်း ယခင်သံသယကိုပင် မူသုံးခုကိုနုတ်၍ နှစ်ခု ကောက်။ ။တတိယပုဒ်လည်း ဥပါဒိဏ္ဏတိက် တတိယနှင့်တူပြီ။ နာမပဒလည်း ကုသလတိက်နာမပဒအတိုင်း။

သံကိလိဋ္ဌတိက် ပြီး၏။

---

ဝိတက္ကတိက်၌ ဆဋ္ဌေဝ သဝိတက္ကသဝိစာရမူလာနိဟုရှုတ်။ ။ သန္နိဋ္ဌာန်ကား သဝိတက္ကသဝိစာရစိတ် ငါးဆဲ့ငါးခု မူခြောက်ခု ဝိတက်ဝိစာရကြဉ်သော စေတသိက်ခလေးဆဲ့လေးခုရ၏။ မူခြောက် ခုလည်းရ၏။

ယေကေစိ။ပ။အဟေတုကံ သဝိတက္က သဝိစာရံ သဝိတက္ကသဝိစာရမူလေနနကေမူလံ။ သဟေတုကံ။ပ။လံ။ ။ယေဝါပန ဝိတက္ကဝိစာရဋ္ဌ သဝိတက္ကသဝိစာရသမုဋ္ဌာနဋ္ဌ ရူပံ သဝိတက္ကသဝိစာရသဟဇာတံရူပံ။ပ။ဋ္ဌ။ သော်လည်းဆို။ ။အနုကား ဒွေပဉ္စဝိညာဉ်တဆယ်ကြဉ်သော အဟိတ်စိတ်ရှစ်ခု ဆန္ဒ ဝိတက် ဝိစာရကြဉ်သော အညသမာန်းတဆယ် မောဟမူဒွေး၌မောဟ သဟိတ် သဝိတက္က သဝိစာရ လေးဆဲ့ခုနစ်ခု မောဟမူဒွေး၌ မောဟ ဝိတက် ဝိစာရကြဉ်သော စေတသိက် ငါးဆယ်ရ၏။သံသယကား နောက်သာရ၏။ ။ပဋ္ဌိကား ဝိတက် ဝိစာရ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ရဟန္တာတို့၏ စုတိကြဉ်သော သဟိတ် သဝိတက္က သဝိစာရစိတ်နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ် စိတ္တဇရုပ် သဟိတ်သဝိတက္က သဝိစာရ ပဋိသန္ဓေတို့နှင့် ယထာရဟအတူဥပါဒ်သော သဟိတ်ကမ္မဇရုပ်ရ၏။ သဟိတ်သဝိတက္က သဝိစာရစိတ် လေးဆဲ့ခုနစ်ခု မောဟမူဒွေး၌ မောဟ ဝိတက် ဝိစာရကြဉ်သော စေတသိက် ပညာသလည်းရ၏။ သံသယကား နောက်သာရ၏။ ။အညမညမူ၌ ကေမူအရတွင် မူခြောက်ခုကိုနုတ်၍ နှစ်စုခွဲ၍ဟောလေ။

ဒုတိယပဒ၌ တိကောဝ အဝိတက္ကဝိစာရ မတ္တမူလာနိဟုဟော။ သန္နိဋ္ဌာန်ကား ဒုတိယဈာန်ကောဒသမူသုံးခု ဝိတက် ဝိစာရကြဉ်သော စေတသိက်တေတ္တိံသ ပဌမပုဒ်အရနှင့် သမ္ပယုတ်ဖြစ်သော ဝိတက်စေတသိက် ငါးဆဲ့ငါးခုရ၏။ မူသုံးခုလည်းရ၏။ ။ကေမူ၌ အဟေတုကံအဝိတက္က ဝိစာရမတ္တံ။ပ။သဟေတုကံ။ပ။ ။ယေဝါပန ဝိစာရဋ္ဌ အဝိတက္က ဝိစာရမတ္တ သမုဋ္ဌာနဋ္ဌရူပံ။ပ။ဋ္ဌ။ ။အနုကား ပဌမပုဒ်၏အရနှင့် သမ္ပယုတ်ဖြစ်သော ဝိတက်စေတသိက် ငါးဆဲ့ငါးခုရ၏။ ဒုတိယဈာန် ကောဒသ ဝိတက် ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသလည်းရ၏။သံသယကား နောက်သာရ၏။ ပဋ္ဌိကား ဒုတိယဈာန် ကောဒသနှင့်သမ္ပယုတ်ဖြစ်သော ဝိစာရ စေတသိက်တဆဲ့တခု ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒုတိယ

ဈာန်နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော သဟိတ်စိတ္တဇရုပ် ဒုတိယဈာန်ပဋိသန္ဓေ နာမက္ခန္ဓာနှင့်ယထာရဟာအတူဥပါဒ်သောသဟိတ် ကမ္မဇရုပ်ရ၏၊ ဒုတိယဈာန် ကောဒသ ဝိတက်ဝိစာရကြဉ်သော စေတသိက် ဆတ္တိံသလည်းရ၏။ သံသယကား နောက်သာရ၏။ ။အညမညမူဉ်ကေမူအရတွင် မူကိုနှုတ်၍ နှစ်ခု ခွဲ၍ကောက်။

တတိယပုဒ်၌ တီကောဝ အဝိတက္က အဝိစာရမူလာနိ ဟုရှုတ်။ သန္နိဋ္ဌာန်ကား အဝိတက္က အဝိစာရစိတ် ငါးဆွဲငါးခု မူသုံးခု ဝိတက် ဝိစာရ ကြဉ်သော စေတသိက်တေတ္တိံသ ဒုတိယဈာန်ကောဒသနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရစေတသိက် တဆွဲတခု ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ရ၏။ မူသုံးခုလည်းရ၏။ သံသယကားနောက်သာရ၏။

ကေမူ၌ အဟေတုကံ အဝိတက္က အဝိစာရံ။ပ။ သဟေတုကံ။ပ။ ယောဝါပန်။ပ။အာမန္တာ။ ။အနုကား ဒွေပဉ္စ ဝိညာဉ် တဆယ်သမ္ဗစိတ္တသာဓာရဏ စေတသိက်ခုနစ်ခု ဒုတိယဈာန်ကောဒသနှင့် သမ္ပယုတ်ဖြစ်သော ဝိစာရစေတသိက် တဆွဲတခု ပဉ္စဝေါကာရဘုံ၌ဖြစ်သောအခါရဟန္တာတို့ စုတိကြဉ်သောသဝိတက္က သဝိစာရ အဝိတက္ကဝိစာရမတ္တ နာမက္ခန္ဓာတို့သည် ယထာရဟပြုအပ်သော စိတ္တဇရုပ်သဝိတက္ကသဝိစာရအဝိတက္ကဝိစာရမတ္တပဋိသန္ဓေတဆွဲနှစ်ခုတို့နှင့်ယထာရဟာအတူဥပါဒ်သောပဋိသန္ဓေ ကမ္မဇရုပ်မာဟိရရုပ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ်ကမ္မဇရုပ် ပဝတ္တိကမ္မဇရုပ် နိဗ္ဗာန်ရ၏။ သဟိတ် အဝိတက္ကအဝိစာရလေးဆွဲငါးခု ဝိတက်ဝိစာရကြဉ်သော စေတသိက်ဆတ္တိံသ ပဉ္စဝေါကာရဘုံ၌ဖြစ်သော အခါ အရူပ ဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော သဟိတ် အဝိတက္ကအဝိစာရ နာမက္ခန္ဓာတို့သည် ယထာရဟာ ပြုအပ်သော သဟိတ်စိတ္တဇရုပ် ပဉ္စဝေါကာရ အဝိတက္က အဝိစာရ ပဋိသန္ဓေ

သုံးခုနှင့် ယထာရဟ အတူဥပါဒ်သော သဟိတ်ကမ္မဇရုပ်လည်း ရ၏။ သံသယကား နောက်သာရ၏။ ။ပဋိလောမလည်းယခင် သံသယအရပင်။ ။အညမညမူ၌လည်း ယခင်သံသယ အရတွင် မူလေးခုကို နုတ်၍ နှစ်ခုခွဲ၍ကောက်လေ။ ဝိတက္ကတိက်ပြီး၏။ ။ ဤနည်းကိုမှီ၍ ဝိတိတိက်အစရှိသော တိက်တို့ကိုဟောလေ။

အဆုံး သနိဒဿနသပ္ပဋိဃတိက်ကို ဆိုပေအံ့။ ။ယေကေစိ သနိဒဿန သပ္ပဋိဃာဓမ္မာ သဗ္ဗေတေသနိဒဿန သပ္ပဋိဃမူလာ တိ။နော။ ။ခယဝါပန။ပ။ နတ္ထိ။ ။ယေကေစိ သနိဒဿန သပ္ပဋိ ဃာဓမ္မာ သဗ္ဗေတေ သနိဒဿနသပ္ပဋိဃမူလေန ကေမူလာတိ။ နတ္ထိ။ ။ယေဝါပန။ပ။နတ္ထိ။ ။အညမညမူ၌လည်း နတ္ထိဒုတိယ ပုဒ်လည်းနည်းတူ။ ။ယေကေစိ အနိဒဿန အပ္ပဋိဃာဓမ္မာ သဗ္ဗေတေ အနိဒဿန အပ္ပဋိဃမူလာတိ။ ဆဋ္ဌေဝ အနိဒဿန အပ္ပဋိဃာမူလာ။ ။ယေဝါပန။ပ။ အာမန္တာ။ ။သန္နိဋ္ဌာန်ကား စိတ်တခုယုတ်ကိုးဆယ် မူခြောက်ခုကြဉ်သောစေတသိက်ဆစ္စတ္တာ လီသ သုခုမရုပ် သောဠသ နိဗ္ဗာန်ရ၏။

ယေကေစိ။ပ။ အဟေတုကံ အနိဒဿနအပ္ပဋိဃံ။ပ။ သဟေ တုကံ။ပ။ လံ။ ။ယေဝါပန။ပ။ အာမန္တာ။ သန္နိဋ္ဌာန်ကား အဟိတ် ဝိပါက်အဋ္ဌာရသ ဆန္ဒကြဉ်သော အညသမာန်းဒွါဒသ မောဟ မူဒွေး၌မောဟ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ ဒွေပဉ္စဝိညာဉ် တဆယ်ကြဉ်သော အဟိတ်ဝိပါက် အဟိတ်ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟပြုအပ်သော အဟိတ်စိတ္တဇရုပ် အဟိတ်ပဋိ သန္ဓေနှစ်ခုနှင့် ယထာရဟအတူ ဥပါဒ်သော အဟိတ်ကမ္မဇသုခု မရုပ် ပဝတ္တိကမ္မဇသုခုမရုပ် နိဗ္ဗာန်ရ၏။ သဟိတ်စိတ်ကေသတ္တ တိ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက်ဒွေပညာသ ပဉ္စ ဝေါကာရဘုံ၌ဖြစ်သောအခါ အရူပဝိပါက်လေးခုရဟန္တာတို့ စုတိ ကြဉ်သောကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော စိတ္တဇသုခုမရုပ်

သဟိတ် ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟ အတူ ဥပါဒ်သောကမ္မဇသုခုမရုပ် လည်းရ၏။ သံသယကား နောက် သာရ၏။ ။ယေဝါပန။ပ။ သန္နိဋ္ဌာန်ကား ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ကြိယာ နာမက္ခန္ဓာတို့သည် ယထာ ရဟာပြုအပ်သော သဟိတ်စိတ္တဇဩဠာရိကရုပ် .သဟိတ် ပဉ္စဝေါ ကာရ ပဋိသန္ဓေ တေရသတို့နှင့် ယထာရဟာ အတူ ဥပါဒ်သော -သဟိတ် ကမ္မဇ ဩဠာရိကရုပ်ရ၏။ သဟိတ်စိတ် ဧကာသတ္တတိ မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် ဒွေပညာသ။ပ။၏။ အနုလောမ သံသယအရပင်။

အညမညမူလယမက၌ သန္နိဋ္ဌာန်ကား သဟိတ်စိတ် ဧကာ သတ္တတိ ဟိတ်ခြောက်ခု ကြဉ်သော စေတသိက် ဆစတ္တာလီသ ပဉ္စဝေါကာရဘုံ၌ ဖြစ်သောအခါ အရူပဝိပါက်လေးခု ရဟန္တာတို့ စုတိကြဉ်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက် သဟိတ် ကြိယာ နာမက္ခန္ဓာ တို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ် သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာ ရဟာအတူ ဥပါဒ်သော သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ရ၏။ မောဟမူ ဒွေး၌ မောဟကြဉ်သောဟိတ်ခြောက်ခုလည်း ရ၏။ သံသယကား နောက်သာရ၏။ ။ပဋိလောမ၌လည်း အတူ။ ။နာမပဒ၌လည်း ဆန္ဒေဝဟုထုတ်။

ဟေတုဂေါစ္ဆက၌ ယေကေစိဟေတူမ္မွာ။ သဗ္ဗေတေဟေတု မူလာတိ အာမန္တာ။ ။ယေဝါပန။ အာမန္တာ။ ။ဟိတ်ခြောက်ခု ရ၏။ ။ယေကေစိဟေတူမ္မွာသဗ္ဗေတေဟေတုမူလေန ဧကမူလာ တိ။ အဟေတုကံဟေတုဟေတုမူလေန နဧကမူလံ။ သဟေတုကံ ဟေတုဟေတုမူလေနဧကမူလံ။ ။ယေဝါပန ဟေတုမူလေန ဧက မူလာ သဗ္ဗေတေ ဓမ္မာ ဟေတူတိ။ ဟေတုသဟဇာတာ ဓမ္မာ ဟေတုမူလေန ဧကမူလာ။ နဟေတူ။ဟေတူ ဟေတုမူလေန ဧက

မူလာစေဝ ဟေတူစ။ ။အနု ကား မောဟ မူဒွေး၌ မောဟရ၏။
မောဟမူဒွေး၌ မောဟကြည့်သော ဟိတ်ခြောက်ခုလည်း ရ၏။
သံသယကား နောက်သာရ၏။ ။ပဋိ ကား သဟိတ်စိတ်ကေ
သတ္တတိ ဟိတ်ခြောက်ခုကြည့်သော စေတသိက်-ဆ့စတ္တာလီသ ပဉ္စ
ဝေါကာရဘုံ၌ဖြစ်သောအခါ၊ အရူပဝိပါက်လေးခု ရဟန္တာတို့စုတိ
ကြည့်သော ကုသိုလ် အကုသိုလ် သဟိတ်ဝိပါက်သဟိတ်ကြိယာ
နာမက္ခန္ဓာတို့သည် ယထာရဟ ပြုအပ်သော သဟိတ် စိတ္တဇရုပ်
သဟိတ်ပဉ္စဝေါကာရ ပဋိသန္ဓေတေရသတို့နှင့် ယထာရဟအတူ
ဥပါဒ်သော သဟိတ်ကမ္မဇရုပ်ရ၏၊ မောဟမူဒွေး၌ မောဟကြည့်
သော ဟိတ်ခြောက်ခုလည်း ရ၏။ သံသယကား နောက်သာရ၏။
အညမညမှု၌လည်း ယခင် ပဋိလောမအတိုင်းပင်။ ။ယေကေစိ
နဟေတူမူလာ။သဗ္ဗေတေနဟေတုမူလာတိ။.နော။ ။ယေဝါပန။ပ။
နတ္ထိ။ ။ကေမှု၌လည်း နောနတ္ထိပင်။ ။အညမညမှု၌နတ္ထိသာ။
နဟေတုပုဒ်၌ မူမရှိသောကြောင့် မရသည်။ ။နာမပဒ၌ ဆဋ္ဌေဝ
ထုတ်လေ။အရကား အကုသလပုဒ်အတိုင်းပင်။သဟေတုကဒုက်၌
ဆဋ္ဌေဝ သဟေတုကမူလာနီဟု ထုတ်။ ။ကေမှု၌ အနုလောမ၌
အာမန္တာ။ ပဋိလောမ၌ သဟေတုကသမုဋ္ဌာနံရူပံ။ပ။၌ ဟုဟော။
ပဋိလောမ၌ သဟေတုက သမုဋ္ဌာန် အရကို သဟိတ်စိတ္တဇရုပ်
သဟိတ်ပဋိသန္ဓေကမ္မဇရုပ်ကိုကောက်။

ယေကေစိ အဟေတုကာမူလာ။ပ။ကေံယေဝ အဟေတုကမူလံ
အဝသေသာအဟေတုကာ မူလာ နအဟေတုကမူလာ။ ။ယေဝါ
ပန။ပ။ အာမန္တာ။ ။အနုကား အဟိတ်စိတ် အဋ္ဌာရသဆန္ဒကြည့်
သော အညသမာန်းဒွါဒသ ရုပ်အဋ္ဌဝီသ နိဗ္ဗာန်ရ၏။ မောဟမူ
ဒွေး၌ မောဟလည်း ရ၏။ ။ကေမှု၌ အနုလောမ၌ နော။ ပဋိ
လောမနတ္ထိ။ ။တနည်းလည်း မောဟမူဒွေး ပြုသော စိတ္တဇရုပ်
သည် အဟေတုကသဟေတုကဖြစ်၍ ကေမူမည်၏။ ကြွင်းသော
ပုဒ်အရသည် အဟေတုက အဟေတုက မည်၏။ ပဋိလောမ၌

အဟေတုကမူလသမ္ပယုတ္တာဓမ္မာဟု ထုတ်လိုက်၏။ ပဉ္စမကောဋ္ဌာသ ဒွါရကို အဟေတုကမူလသမ္ပယုတ္တသမုဋ္ဌာနံရူပံ ဟု ထုတ်လိုက်၏။ ။ ပဋ္ဌိ ကား မောဟမူဒွေး၌ မောဟကြဉ်သော စေတသိက် စုဒ္ဒသ ရ၏။ မောဟမူဒွေးသည် ပြုအပ်သော စိတ္တဇရုပ်လည်း ရ၏။ ။ အညမညမူ၌ နော နတ္ထိသာတည်း။ ။ဤနည်းကိုမှီ၍ ဟေတု ဒေါ ရွက ကုန်အောင် ဟောလေ။

ယေကေစိ အာသဝါမှာ သဗ္ဗေတေ အာသဝမူလာတိ။ ဒွေ ယေဝ အာသဝမူလာနိ။ အဝသေသာ အာသဝါ။ န အာသဝမူလာ။ ယေဝါပန။ အာမန္တာ။ ။အနု ကား ဒိဋ္ဌိရ၏။ လောဘမူ မောဟမူလည်း ရ၏။ သံသယကား နောက်သာရ၏။ ပဋ္ဌိလောမ၌ ယခင် သံသယပင်။ ။ယေကေစိ အာသဝါမှာ။ သဗ္ဗေတေ အာသဝမူလေန ဧကမူလာတိ။ အဟေတုကံ အာသဝံ အာသဝမူလေန န ဧကမူလံ။ သဟေတုကံ အာသဝံ။ ပ။ လံ။ ။ယေဝါပန။ အာသဝမူလသဟဇာတာဓမ္မာ။ အာသဝမူလေန ဧကမူလာ။ နအာသဝါ။ အာသဝံ အာသဝမူလေန ဧကမူလဋ္ဌေဝ အာသဝဥ္စ။ ။အနုကား ဒေါသမူ မောဟမူဒွေး၌ မောဟရ၏။ ဒေါသမူဒွေး မောဟမူဒွေး၌ မောဟကြဉ်သော အာသဝတရားကိုယ်သုံးပါးလည်းရ၏။ သံသယကား နောက်သာရ၏။ ။ပဋ္ဌိ ကား အကုသိုလ်ဒွါဒသ အာသဝတရားကိုယ် သုံးပါး ကြဉ်သော စေတသိက် စတုဝီသ အကုသိုလ်ပြုအပ်သော စိတ္တဇရုပ်ရ၏။ ဒေါသမူဒွေး မောဟမူဒွေး၌ မောဟကြဉ်သော အာသဝတရားကိုယ်သုံးပါးလည်း ရ၏။ သံသယကား နောက်သာရ၏။ ။အညမညမူ၌လည်း ယခင်ပဋ္ဌိလောမအရတွင် အာသဝမူ နှစ်ခုကိုနုတ်၍ကောက်။ ဒေါသမူဒွေး မောဟမူဒွေး၌ မောဟကြဉ်သော အာသဝမူနှစ်ခုသည် သန္နိဋ္ဌာန် သံသယနှစ်ပုဒ်လုံး၏အရတည်း။

နောအာသဝပဒ၌ စတ္တာရောဝ နောအာသဝမူလာနိ ဟု ထုတ်။ ။ဧကမူ၌ အဟေတုကံ နောအာသဝံ။ ပ။ သဟေတုကံ

နောအာသဝံ။ပ။ ။ယေဝါပန။ အာသဝံ အာသဝမူလေန ကေ မူလံ။ နနောအာသဝံ။ အဝသေသာ အာသဝမူလ သဟဇာတာ ဓမ္မာ အာသဝ မူလေန ကေမူလဋ္ဌေဝ နော အာသဝဥ္စ။ ။အနု လောမလွယ်ပြီ။ ။ပုဋ္ဌိ ကား ဒေါသမူဒွေး မောဟမူဒွေး၌ မောဟကြဉ်သော အာသဝသုံးပါးရ၏။ သဟိတ်စိတ်ကေသတ္တတိ အာသဝ သုံးပါးကြဉ်သော စေတသိက် လေးဆဲ့ကိုးခု သဟိတ် စိတ္တဇရုပ် သဟိတ်ကမ္မဇရုပ်လည်းရ၏။ ။အညမညမူဠ်ပဋ္ဌိသောမ အရတွင် မူသုံးခုကိုနုတ်၍ နှစ်ဇုပေါလော။ ။ဤနည်းကိုမှီ၍ ပညာ ရှိသောသူသည် အလုံးစုံသောမူလယမိုက်၌သိအံ့သောငှါ စွမ်းနိုင် ရာ၏။ ထိုကြောင့် ဤနည်းကို ကောင်းစွာ နှလုံးပြုကြကုန်ရာ၏။

ထန်းတပင်အရပ်၌ သီတင်းသုံးနေသော နန္ဒမေဓာ အမည်ရှိ သော မဟာထေရ်သည် အဆက်ဆက်သော ဆရာတို့၏ အထံမှ ဆောင်အပ် ဆုံးဖြတ်အပ်သော အဆုံးအဖြတ်ကိုသိသော တောင် ဘီလူးဆရာတော် အနန္တဓဇ မဟာရာဇ ဂုရု အထံတော်မှရအပ် သော မူလယမိုက်အနက်အဓိပ္ပါယ် အရကောက်ကို စီရင်ရေးသား ခြင်းသည် ပြီးပြီ။ ။နောက်နောက်သော အမျိုးကောင်းသား ပညာရှိတို့သည် သင်ကြားလေ့ကျက် ဆောင်ရွက် မှတ်သားစေ ကုန်သတည်း။

မူလယမိုက် ပါဠိတော်နိဿယပြီး၏။

---

# ခန္ဓယမက

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဏ္ဏတ္တိဝါရ ဥဒ္ဒေသ

မူလယမိုက်ကို ဟောတော်မူသည်၏ အခြားမဲ့၌ ခန္ဓယမိုက်ကို ဟောတော်မူ၏။ ထိုခန္ဓယမိုက်သည်လည်း ပဏ္ဏတ္တိဝါရ ပဝတ္တိဝါရ ပရိညာဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ပဏ္ဏတ္တိဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပဏ္ဏတ္တိဝါရသည်လည်း ဥဒ္ဒေသ နိဒ္ဒေသအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ဥဒ္ဒေသကို ရှေးဦးစွာဟောတော်မူ၏။ ထိုဥဒ္ဒေသသည်လည်း ပရိစ္ဆေဒဝါရ ပရိစ္ဆိန္နုဒ္ဒေသဝါရ ဝိဘာဂဝါရအားဖြင့် သုံးပါး အပြားရှိ၏။ တနည်းကား ခန္ဓုဒ္ဒေသ နာမဝဝတ္ထာန် နယဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ခန္ဓုဒ္ဒေသဝါရကိုရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား ပဉ္စက္ခန္ဓာဟူသည်တည်း။ ထိုနောင် နာမဝဝတ္ထာန်ကို ဟောတော်မူ၏။ ဟောဟန်ကား ရူပက္ခန္ဓော ဝေဒနာက္ခန္ဓော သညာက္ခန္ဓော သင်္ခါရက္ခန္ဓော ဝိညာဏက္ခန္ဓောဟူသည်တည်း။

၁။ ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဟောန္တိ၊ ကုန်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ ၎င်း။ ဝေဒနာက္ခန္ဓော၊ ၎င်း။ သညာက္ခန္ဓော၊ ၎င်း။ သင်္ခါရက္ခန္ဓော၊ ၎င်း။ ဝိညာဏက္ခန္ဓော၊ ၎င်း။ ဣတိ ဣမေ၊ ဤသည်တို့တည်း။ တနည်းကား ရူပက္ခန္ဓော၊ ၎င်း။ပ။ ဝိညာဏက္ခန္ဓော၊ ၎င်း။ ဣတိ၊ ဤသို့။ ပဉ္စ၊ ငါးပါးကုန်သော။ ခန္ဓာ၊ ခန္ဓာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

---

## ၁-ပဒသောဓနဝါရ အနုလောမ

နာမဝဝတ္ထာန်ကိုဟောတော်မူသည်၏ အခြားမဲ့၌နယဝါရကို ဟောတော်မူ၏။ ထိုနယဝါရသည်လည်း ပဒသောဓနဝါရ ပဒ

သောဓနမူလ စက္ကဝါရ သုဒ္ဓခန္ဓဝါရ သုဒ္ဓခန္ဓမူလစက္က ဝါရအား ဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ပဒသောဓနဝါရကို ရှေးဦးစွာဟောတော်မူ၏။ ထိုပဒသောဓနဝါရသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလုံကိုရှေးဦးစွာဟောတော်မူ၏။

**အမှာ** ဤ၌ အဓိပ္ပါယ် စကားချပ်ကား ခန္ဓာတို့၏အမည်ပညတ်ကို သုတ်သင်သောအားဖြင့်ဖြစ်သောကြောင့် ပဏ္ဏတ္တိဝါရမည်၏။ ခန္ဓာတို့၏ စုတိပဋိသန္ဓေ အဖြစ်အပျက် ဥပ္ပါဒ နိရောဓအားဖြင့်ဖြစ်ခြင်းကို သုတ်သင်တတ်သောကြောင့် ပဝတ္တိဝါရမည်၏။ ထိုအစဉ်ဖြင့်ဖြစ်သော ခန္ဓာတို့ကို အကျဉ်းအားဖြင့် သုံးပါးသော ပရိညာပြီးလျက်ဖြစ်တတ်သောကြောင့် ပရိညာဝါရ မည်၏။ ခန္ဓာကား ဤမျှသာ အယုတ်အလွန်မရှိဟူ၍ ပိုင်းခြားသောကြောင့် ပရိစ္ဆေဒဝါရမည်၏။ ပိုင်းခြားအပ်ပြီးသော ခန္ဓာတို့ကို အကျဉ်းပြသောကြောင့် ပရိစ္ဆိန္နုဒ္ဒေသဝါရမည်၏။ ဤနည်း လေးပါးဖြင့် ခွဲခြမ်း၍ပြသောကြောင့် ဝိဘင်္ဂဝါရမည်၏။ နောက်သုံးနည်းလည်းအတူတူ။ ပုဒ်ကိုသုတ်သင်သောအားဖြင့် ဖြစ်သောကြောင့် ပဒသောဓနဝါရမည်၏၊ ပဒသောဓနလျှင် အရင်းရှိသောစက်ကိုဖွဲ့၍ ဖြစ်သောကြောင့် ပဒသောဓနမူလ စက္ကဝါရ မည်၏။ သက်သက်သောခန္ဓာကို ဟောသောကြောင့် သုဒ္ဓခန္ဓဝါရမည်၏။ သက်သက်သောခန္ဓာကို အရင်းပြု၍ စက်ကိုဖွဲ့သောကြောင့် သုဒ္ဓခန္ဓမူလစက္ကဝါရမည်၏။ ဤကား အဓိပ္ပါယ်စကားချပ်တည်း။

ထိုအနုလုံသည်လည်း ရူပက္ခန္ဓယမက အစရှိသောအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် ရူပက္ခန္ဓယမကကို ရှေးဦးစွာဟောတော်မူ၏။ ထိုရူပက္ခန္ဓယမကသည်လည်း အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလောမပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုအနုလောမပုစ္ဆာသည်လည်း သန္နိဋ္ဌာန်သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် သန္တိဋ္ဌာန်ကို ရှေးဦးစွာဟောတော်မူ၏။ ဟော ဟန်ကား ရူပံဟူသည်တည်း။ ထိုနောင်သံသယကို ဟောတော် မူ၏။ဟောဟန်ကား ရူပက္ခန္ဓောဟူသည်တည်း။ ။ရူပံကားသန္တိဋ္ဌာန် ရူပက္ခန္ဓောကား သံသယ။သန္တိဋ္ဌာန်သံသယနှစ်ပါးကိုပေါင်းသည်ရှိ သော် အနုလောမပုစ္ဆာသည်ဖြစ်၏။ အနုလောမပုစ္ဆာကို ဟော တော်မူသည်၏အခြားမဲ့၌ ပဋိလောမပုစ္ဆာကို ဟောတော်မူ၏။ထို ပဋိလောမပုစ္ဆာသည်လည်း သန္တိဋ္ဌာန်သံသယအားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သန္တိဋ္ဌာန်ကိုရှေးဦးစွာ ဟောတော် မူ၏။ ဟောဟန်ကားရူပက္ခန္ဓောဟူသည်တည်း။ထိုနောင် သံသယ ကို ဟောတော်မူ၏။ဟောဟန်ကား ရူပံဟူသည်တည်း။ရူပက္ခန္ဓော ကား သန္တိဋ္ဌာန် ရူပံကား သံသယ သန္တိဋ္ဌာန်သံသယ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမပုစ္ဆာဖြစ်၏။ ။အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာနှစ်ပါးကိုပေါင်းသည် ရှိသော် ပဒသောဓနဝါရ အနုလုံ၌ ရှေးဦးစွာသောရူပက္ခန္ဓယမကသည်ဖြစ်၏။

၂။ ရူပံ၊ ရူပ်မည်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာ မည်သလော။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ရူပံ၊ရူပ်မည်သလော။

ရူပက္ခန္ဓယမကကို။၌။ ဝေဒနာက္ခန္ဓယမကကို။၏။ထိုလည်း အန လောမပုစ္ဆာ ပဋိလောမပုစ္ဆာအားဖြင့်နှစ်ပါး။၏။ ထိုတွင် အန လောမပုစ္ဆာကို။၏။ ထိုလည်း သန္တိဋ္ဌာန် သံသယအားဖြင့်နှစ်ပါး။ ၏။ ထိုတွင် သန္တိဋ္ဌာန်ကို။၏။ ကား၊ဝေဒနာ တည်း။ ထိုနောင် သံသယကို။၏။ ကား။ ဝေဒနာက္ခန္ဓော တည်း။ ။ဝေဒနာကား သန္တိဋ္ဌာန် ဝေဒနာက္ခန္ဓောကားသံသယ။ သန္တိဋ္ဌာန်သံသယနှစ်ပါး ကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာဖြစ်၏။ ။အနုလောမ ပုစ္ဆာကို။၌။ပဋိလောမပုစ္ဆာကို။ ၏။ ထိုလည်း သန္တိဋ္ဌာန် သံသယ အားဖြင့်နှစ်ပါး။၏။ထိုတွင် သန္တိဋ္ဌာန်ကို။၏။ကား။ဝေဒနာက္ခန္ဓော တည်း။ ထိုနောင်သံသယကို။၏။ ကား။ ဝေဒနာ တည်း။ ။ဝေဒ နာက္ခန္ဓောကား သန္တိဋ္ဌာန် ဝေဒနာကား သံသယ။ သန္တိဋ္ဌာန်

သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမပုစ္ဆာ ဖြစ်၏။ အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရ အနုလုံ၌ နှစ်ခုမြောက်သော ဝေဒနာက္ခန္ဓယမက သည်ဖြစ်၏။ ။ဝေဒနာ၊ ဝေဒနာမည်၏.၊ဝေဒနာက္ခန္ဓော၊ ဝေဒ နာက္ခန္ဓာမည်သလော။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာ မည်၏။ ဝေဒနာ၊ဝေဒနာ မည်သလော။ ဝေဒနာက္ခန္ဓ ယမကကို။ ၌။ သညာက္ခန္ဓ ယမကကို။၏။ထိုလည်း စစ်မြဲ။ ။အနုလောမပုစ္ဆာပဋိ- လောမပုစ္ဆာနှစ်ပါးကိုပေါင်းသည်ရှိသော် ပဒသောဓနဝါရ အနု လုံ၌ သုံးခုမြောက်သော သညာက္ခန္ဓယမကသည်ဖြစ်၏။ ။သညာ၊ ၏။ သညာက္ခန္ဓော၊လော။သညာက္ခန္ဓော။ပ။ လော။ ။သညာက္ခန္ဓ ယမကကို။၌။ သင်္ခါရက္ခန္ဓယမကကို။ ၏။စစ်မြဲ။ ။သင်္ခါရာ၊သင်္ခါရမည် ကုန်၏။သင်္ခါရက္ခန္ဓော၊လော။ သင်္ခါရက္ခန္ဓော၊၏။ သင်္ခါရာ၊ ကုန်သ လော။သင်္ခါရက္ခန္ဓ ယမကကို။၌။ဝိညာဏက္ခန္ဓ ယမကကို။၏။စစ်မြဲ။ ဝိညာဏံ၊၏။ ဝိညာဏက္ခန္ဓော၊လော။ ဝိညာဏက္ခန္ဓော၊၏။ ဝိညာ ဏံ၊လော။ ။ဤသို့လျှင် ပဒသောဓနဝါရ အနုလုံ၌ ယမက ငါးပါး၊ ပုစ္ဆာဆယ်ပါး၊ အတ္ထနှစ်ဆယ်ဖြစ်သတည်း။

---

## ပစ္စနီက

အနုလုံကို။၌။ ပစ္စနီကကို။၏။ ထိုလည်း နရူပက္ခန္ဓ ယမက အစ ရှိသောအားဖြင့် ငါးပါး၏။ ထိုတွင် နရူပက္ခန္ဓ ယမကကို။၏။ ထို လည်း အနုလောမပုစ္ဆာ ပဋိလောမ ပုစ္ဆာအားဖြင့် နှစ်ပါး။၏။ ထိုတွင် အနုလောမ ပုစ္ဆာကို။ ၏။ ထိုလည်း သန္နိဋ္ဌာန်သံသယ အားဖြင့်နှစ်ပါး။၏။ ထိုတွင် သန္နိဋ္ဌာန်ကို။၏။ ကား။ နရူပံ၊တည်း။ ထိုနောင်သံသယပုဒ်ကို။၏။ကား။နရူပက္ခန္ဓော၊တည်း။ ။နရူပံကား သန္နိဋ္ဌာန် နရူပက္ခန္ဓောကား သံသယ။ သန္နိဋ္ဌာန် သံသယနှစ်ပါး ကို ပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ ။အနုလောမ ပုစ္ဆာကို။၌။ ပဋိလောမ ပုစ္ဆာကို။၏။ စစ်မြဲ။ ။နရူပက္ခန္ဓော

နရူပံ။ပ။ ။အနုလောမပုစ္ဆာ ပစ္စနီလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရပစ္စနိက်၌ ရှေးဦးစွာသော နရူပက္ခန္ဓယမကသည်ဖြစ်၏။

၃။ နရူပံ၊ ရုပ်မမည်။ နရူပက္ခန္ဓော၊ ရူပက္ခန္ဓာမမည်သလော။ နရူပက္ခန္ဓော၊ ရူပက္ခန္ဓာမမည်။ နရူပံ၊ရုပ်မမည်သလော။ နရူပက္ခန္ဓယမကကို။၌။စစ်မြဲ။ နဝေဒနာ နဝေဒနာက္ခန္ဓော။နဝေဒနာက္ခန္ဓော နဝေဒနာ။ ။နသညာ နသညာက္ခန္ဓော။ နသညာက္ခန္ဓော နသညာ။ ။နသင်္ခါရာ နသင်္ခါရက္ခန္ဓော။ နသင်္ခါရက္ခန္ဓော နသင်္ခါရာ။ နဝိညာဏံ နဝိညာဏက္ခန္ဓော။နဝိညာဏက္ခန္ဓော နဝိညာဏံ။ ။ဤသို့လျှင် ပဒသောဓနဝါရပစ္စနိက်၌ယမကငါးပါး။ ပုစ္ဆာဆယ်ပါး။ အတ္ထနှစ်ဆယ်ဖြစ်သတည်း။ အနုလုံ ပစ္စနိကနှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓနဝါရ၌ ယမကဆယ်ပါး။ ပုစ္ဆာနှစ်ဆယ်။ အတ္ထ လေးဆယ်ဖြစ်သတည်း။ ။ပဒသောဓနဝါရပြီး၏။

---

## ၂-ပဒသောဓနမူလစက္ကဝါရ အနုလောမ

၂။ ပဒသောဓနဝါရကို။၌။ ပဒသောဓနမူလစက္ကဝါရကို။၏။ ထိုလည်း အနုလုံ ပစ္စနိကအားဖြင့် နှစ်ပါး။၏။ ထိုတွင် အနုလုံကို။၏။ ထိုလည်း ရူပက္ခန္ဓမူ ဝေဒနာက္ခန္ဓမူ အစရှိသောအားဖြင့် ငါးပါး။၏။ထိုတွင်ရူပက္ခန္ဓမူကို။၏။ထိုလည်း ဝေဒနာက္ခန္ဓမူလီအစရှိသောအားဖြင့် လေးပါး။၏။ ထိုတွင်။ ဝေဒနာက္ခန္ဓမူလီကို။ ၏။ ကိုလည်း အနုလောမပုစ္ဆာ ပစ္စနီလောမပုစ္ဆာအားဖြင့် နှစ်ပါး။၏။ ထိုတွင် အနုလောမပုစ္ဆာကို။၏။ ထိုလည်း သန္နိဋ္ဌာန် သံသယ နှစ်ပါး။၏။ ထိုတွင် သန္နိဋ္ဌာန်ကို။၏။ ကား ရူပံတည်း။ ထိုနောင် သံသယကို။၏။ကား။ ရူပက္ခန္ဓောတည်း။ ။ရူပံကား သန္နိဋ္ဌာန်။ ရူပက္ခန္ဓောကား သံသယ။သန္နိဋ္ဌာန် သံသယနှစ်ပါးကိုပေါင်းသည်ရှိသော် အနုလောမပုစ္ဆာ ဖြစ်၏။ ။အနုလောမ ပုစ္ဆာကို။၌။ ပစ္စနီလောမ ပုစ္ဆာကို။၏။ ထိုလည်း စစ်မြဲ။ ကား။ ခန္ဓာဝေဒနာက္ခန္ဓော

တည်း။ ခန္ဓာကား သန္နိဋ္ဌာန် ဝေဒနာက္ခန္ဓော ကား သံသယ။ သန္နိဋ္ဌာန်သံသယနှစ်ပါးကို ပေါင်းသည်ရှိသော် ပဋိလောမ ပုစ္ဆာ ဖြစ်၏။ ။အနုလောမပုစ္ဆာ ပဋိလောမပုစ္ဆာ နှစ်ပါးကို ပေါင်းသည်ရှိသော် ပဒသောဓန မူလစက္ကဝါရ အနုလုံ၌ရှေးဦးစွာသော ဝေဒနာက္ခန္ဓမူလိ ရူပက္ခန္ဓယမကသည် ဖြစ်၏။

၄။ ရူပံ၊ ၏။ ရူပက္ခန္ဓော၊ လော။ ခန္ဓာ၊ ခန္ဓာမည်ကုန်၏။ ဝေဒနာက္ခန္ဓော၊လော။ ။သညာက္ခန္ဓမူလိ အစရှိသည်တို့၌လည်း ဤနည်းအတူစစ်၍ဖြေလေ။ နှစ်ခုမြောက် သုံးခုမြောက် လေးခုမြောက်သော -ဟုအစဉ်အတိုင်း ဝိသေသနလောင်း၍ ဆိုလေ။ ။ ဤသို့လျှင် ရူပက္ခန္ဓမူ၌ ယမကလေးပါး။ ပုစ္ဆာရှစ်ပါး။ အတ္ထတဆဲ့ခြောက်ပါးဖြစ်သတည်း။

ရူပက္ခန္ဓမူ။ကို။၌။ ဝေဒနာက္ခန္ဓမူကို။၏။ ထိုလည်း ရူပက္ခန္ဓမူလိ သညာက္ခန္ဓမူလိ အစရှိသော အားဖြင့် လေးပါး။၏။ ထိုတွင် ရူပက္ခန္ဓမူလိကို။၏။စစ်မြဲ။ဝေဒနာဝေဒနာက္ခန္ဓော။ ခန္ဓာရူပက္ခန္ဓော ။ပ။ ။ဤသို့လျှင် ပဒသောဓန မူလစက္ကဝါရ အနုလုံ၌ ရှေးဦးစွာသော ရူပက္ခန္ဓမူလိ ဝေဒနာက္ခန္ဓယမကသည်။ ဖြစ်၏။ ။ထိုနှောင် သညာက္ခန္ဓမူလိကို။၏။ပ။ ဝိညာဏက္ခန္ဓမူလိကို။၏။ပ။ ။ဤသို့လျှင် ဝေဒနာက္ခန္ဓမူ၌ ယမကလေးပါး။ ပုစ္ဆာရှစ်ပါး။အတ္ထတဆဲ့ခြောက်ပါး ဖြစ်သတည်း။ ။ထိုနှောင် သညာက္ခန္ဓမူကို။၏။ မူလိကို။၏။ မူလိလေးပါးသွတ်မြဲ။ပ။ ။ထိုနှောင် သင်္ခါရက္ခန္ဓ မူကို၊၏။ မူလိ လေးပါးသွတ်မြဲ။ ။ထိုနှောင် ဝိညာဏက္ခန္ဓမူကို။၏။ မူလိလေးပါး သွတ်မြဲ။ ဤသို့လျှင် ပဒသောဓန မူလစက္ကဝါရ အနုလုံ၌ မူလ ငါးပါး။ ယမက နှစ်ဆယ်။ ပုစ္ဆာလေးဆယ်။ အတ္ထရှစ်ဆယ်ဖြစ်သတည်း။

အနုလုံကို။၌။ ပစ္စနိက်ကို။၏။ ထိုလည်း နရူပက္ခန္ဓမူ အစရှိသော အားဖြင့်ငါးပါး။၏။ ထိုတွင် နရူပက္ခန္ဓမူကို။၏။ အနုလုံ၌ကဲ့သို့ မူလိ လေးပါးစီ သွတ်လေ။ ။ဤသို့လျှင် ပဒသောဓန မူလစက္ကဝါရ

ပစ္စနိက်၌မူငါးပါး။ ယမက နှစ်ဆယ်။ ပုစ္ဆာလေးဆယ်။ အတ္ထရှစ်ဆယ်ဖြစ်သတည်း။ ။အနုလုံ ပစ္စနိက် နှစ်ပါးကို ပေါင်းသည်ရှိသော်နယနှစ်ပါး။ မူလတဆယ်။ ယမကလေးဆယ်။ပုစ္ဆာရှစ်ဆယ်။ အတ္ထတရာ့ခြောက်ဆယ် ဖြစ်သတည်း။ ။ပဒသောဓနမူလ စက္က ဝါရပြီး၏။

---

## ၃-သုဒ္ဓခန္ဓဝါရ အနုလောမ

ပဒသောဓနေ မူလစက္ကဝါရကို။၌။သုဒ္ဓခန္ဓဝါရ ကို။၏။ ထိုလည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါး။၏။ ထိုတွင် အနုလုံကို။၏။ ထိုလည်း ရူပက္ခန္ဓယမက။ပ။ ငါးပါး။ ပဒသောဓနေဝါရအတိုင်း စိလေ။ ။ရူပံခန္ဓော။ ခန္ဓာရူပံ။

၁၄။ ။ရူပံ၊ ရုပ်မည်၏။ ခန္ဓော၊ခန္ဓာမည်သလော။ ခန္ဓာ၊ခန္ဓာမည်ကုန်၏။ ရူပံ၊ ရူပက္ခန္ဓာမည်သလော။ ဤသို့လျှင် သုဒ္ဓခန္ဓဝါရ အနုလုံ၌ ရှေးဦးစွာသော ရူပက္ခန္ဓယမကသည်ဖြစ်၏။ ဝေဒနာက္ခန္ဓယမကစသည်တို့ကို ဟောမြဲ။ ။ဤသို့လျှင် သုဒ္ဓခန္ဓဝါရ အနုလုံ၌ ယမကငါးပါး။ ပုစ္ဆာတဆယ်။ အတ္ထနှစ်ဆယ် ဖြစ်သတည်း။

ပစ္စနိက်လည်း နည်းတူစစ်။ နရူပံ နခန္ဓော။ နခန္ဓာနရူပံ။ပ။ နဝိညာဏံနခန္ဓော။ နခန္ဓာနဝိညာဏံ။ ။ဤသို့လျှင် သုဒ္ဓခန္ဓဝါရ ပစ္စနိက်၌ ယမက ငါးပါး။ ပုစ္ဆာတဆယ်။ အတ္ထနှစ်ဆယ်ဖြစ်သတည်း။ အနုလုံ ပစ္စနိက်နှစ်ပါးကို ပေါင်းသည်ရှိသော် သုဒ္ဓခန္ဓဝါရ၌ နယနှစ်ပါး။ယမကတဆယ်။ပုစ္ဆာနှစ်ဆယ်။အတ္ထလေးဆယ် ဖြစ်သတည်း။

**အမှာ** သုဒ္ဓခန္ဓမူလစက္ကဝါရ၌လည်း ပဒသောဓနေမူလစက္ကဝါရကဲ့သို့ မူလမူလီကို နှလုံးသွင်း၍ ဟောလေ။ ယမကပေါင်းအတ္ထုပင်။ ။ဥဒ္ဒေသပြီး၏။

ဤဥဒ္ဒေသဝါရ၌ ရူပံခန္ဓော ခန္ဓာရူပံဟူသောပါဠိတော်၌ ခန္ဓာ ရူပက္ခန္ဓော ဟူသောအနက်ကို ယူအပ်၏။ ထို့ကြောင့် အဋ္ဌကထာ၌

ခန္ဓာရူပန္တိ အာဒိသု ခန္ဓာရူပက္ခန္ဓော ခန္ဓာဝေဒနာက္ခန္ဓောတိ အတ္ထော ဂဟေတဗ္ဗော။ ကသ္မာ နိဒ္ဒေသဝါရေ ဧဝံဘာဇိတတ္တာ- အစရှိသည်ကို မိန့်အပ်၏။ ။ဤသို့လျှင် ခန္ဓယမိုက်ပဏ္ဏတ္တိဝါရ၏ ဥဒ္ဒေသဝါရ၌ ဝါရလေးပါး။ နယရှစ်ပါး။ ယမကတရာ။ ပုစ္ဆာ နှစ်ရာ။ အတ္ထလေးရာ ဖြစ်သတည်း။

သောဓေန ဝိသသုဒ္ဓေစ၊ စက္ကေသွာသီတိ ပိဏ္ဍိတာ။
ပုစ္ဆာခန္ဓယမကသ္မ၊ ပဏ္ဏတ္တိမှိသတာနိဒွေ။

ဤခန္ဓယမိုက်သည် အဘယ်မှထွက်သနည်းဟူမူကား ခန္ဓဝိဘင်း မှထွက်၏။ထွက်ဟန်ကား မြတ်စွာဘုရားသည် ခန္ဓဝိဘင်း၌ ငါးပါး သော ခန္ဓာတို့ကို အဘိဓမ္မဘာဇနီ သုတ္တန္တဘာဇနီ ပဉှာပုစ္ဆက ဟူသော နည်းသုံးပါးတို့ဖြင့် ဟောတော်မူ၏။ ထိုခန္ဓာငါးပါး တို့ကိုကား ကာလအားဖြင့်ဋ္ဌင်း ဘုံ ပုဂ္ဂိုလ်အားဖြင့်ဋ္ဌင်း။ ပရိညာ အားဖြင့်ဋ္ဌင်း။ အဘယ်သို့လျှင် သိအပ်ကုန်သနည်း။ ဤသို့သံသယ ရှိသော ဝေနေယျတို့၏သံသယကို ဖျောက်ခြင်းငှါ ဤခန္ဓယမိုက်ကို ဟောတော်မူသတည်း။ ဝါ၊မူလယမိုက်မှထွက်၏။ ထွက်ဟန်ကား မြတ်စွာဘုရားသည် မူလယမိုက်ကို ဟောတော်မူသောကြောင့် ကုသိုလ်တရားတို့၏ မူလမည်ဟန် မမည်ဟန် အစရှိသည်ကိုကား ယုံမှားမရှိ မှတ်ရပြီ။ ဤမူလယမိုက်၌ ဟောတော်မူအပ်ကုန်သော ကုသိုလ် အစရှိကုန်သော တရားတို့၏ ခန္ဓာအားဖြင့် ဖြစ်ဟန်ကို ကား အဘယ်သို့လျှင် သိရအံ့သနည်း။ ဤသို့ သံသယရှိသော ဝေနေယျတို့၏ သံသယကို ဖျောက်အံ့သောငှါ ဤခန္ဓယမိုက်ကို ဟောတော်မူသည်ဟူလိုသော်။ ဤစကားကား မူလယမကေဒေသိ တေယေဝကုသလာဒိဓမ္မေ အစရှိသော အဋ္ဌကထာပါဠိနှင့်အညီ တည်း။

## ၁-ပဏ္ဏတ္တိဝါရ နိဒ္ဒေသ

### ၁-ပဒသောဓနဝါရ အနုလောမ

ဥဒ္ဒေသကို ဟောတော်မူသည်၏အခြားမဲ့၌ နိဒ္ဒေသကို ဟော တော်မူ၏။ ထိုနိဒ္ဒေသသည်လည်း ပဒသောဓနဝါရ ပဒသောဓန မူလစက္ကဝါရ သုဒ္ဓခန္ဓဝါရ သုဒ္ဓခန္ဓမူလစက္ကဝါရအားဖြင့် လေးပါး အပြားရှိ၏။ ထိုလေးပါးတို့တွင်ပဒသောဓနဝါရကိုရှေးဦးစွာဟော တော်မူ၏။ ထိုပဒသောဓနဝါရသည်လည်း အနုလုံပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလုံကို ရှေးဦးစွာ ဟော တော်မူ၏။ ထိုအနုလုံသည်လည်း ရူပက္ခန္ဓ ယမက။ပ။ဝိညာဏက္ခန္ဓ ယမကအားဖြင့် ငါးပါးအပြားရှိ၏။ ထိုငါးပါးတို့တွင် ရူပက္ခန္ဓ ယမကကို ရှေးဦးစွာဟောတော်မူ၏။ ထိုရူပက္ခန္ဓယမကသည်လည်း အနုလောမ ပဋိလောမအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့ တွင် အနုလောမကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမ သည်လည်း ပုစ္ဆာဝိသဇ္ဇနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါး တို့တွင် ပုစ္ဆာကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။

ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာ ဟောတော်မူ၏။ ဟောဟန်ကား ရူပံ ဟူသည်တည်း။ ထိုနောင် သံသယကို ဟော တော်မူ၏။ ဟောဟန်ကား ရူပက္ခန္ဓောဟူသည်တည်း။ ။ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာကို ဟောတော်မူ၏။ ဟောဟန်ကား ပိယရူပံ သာတရူပံ ရူပံနရူပက္ခန္ဓော။ ရူပက္ခန္ဓော ရူပဥ္စေဝ ရူပက္ခန္ဓောစ ဟူသည်တည်း။ ။အနုလောမကိုး၌။ ပဋိ လောမကို။၏။ ထိုလည်း ပုစ္ဆာ ဝိသဇ္ဇနာ အားဖြင့် နှစ်ပါး။၏။ ထိုတွင် ပုစ္ဆာကို။၏။ထိုလည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး။ ၏။ ထိုတွင် သန္နိဋ္ဌာန်ကို။၏။ကား ရူပက္ခန္ဓောတည်း။ ထိုနောင် သံသယကို။၏။ ကား ရူပံတည်း။ ထိုနောင် ဝိသဇ္ဇနာကို။၏။ ကား အာမန္တာ တည်း။

၂၆။ ရူပံ၊ ရုပ်မည်၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်သလော။ ဇာတိပုစ္ဆာယံ၊ ဤသို့သောအမေးသည်။ သတိ၊ သော်။ ပိယရူပံ၊ ပိယရုပ်သည်။ သာတရူပံ၊ သာတရုပ်သည်။ ရူပံ၊ ရုပ်မည်၏။ နရူပက္ခန္ဓော၊ ရူပက္ခန္ဓာမမည်။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာသည်။ ရူပဉ္စေဝ၊ ရုပ်လည်းမည်၏။ ရူပက္ခန္ဓောစ၊ ရူပက္ခန္ဓာလည်း မည်၏။ ဇာတိဝိသဇ္ဇနာ၊ ဤသို့ဖြေတော်မူသည်။ ဟောတိ၊ ၏။ ရူပက္ခန္ဓော၊ ရူပက္ခန္ဓာမည်၏။ ရူပံ၊ ရုပ်မည်သလော။ ဇာတိပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ရူပက္ခန္ဓာမည်သောတရားသည် ရုပ်မည်၏။ ဇာတိဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

ရူပံရူပက္ခန္ဓောဟူ၍ ဟောတော်မူအပ်သော အနုလောမပုစ္ဆာ၌ ရူပံဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား တကျော၏အာရုံဖြစ်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ကောသီတိ စေတသိက်ဒွေပညာသ ရုပ်အဋ္ဌဝီသဟုဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ် သာတရုပ်ရ၏။ ရုပ္ပနလက္ခဏာရှိသော အစိတ်ဖြစ်သောရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ရူပက္ခန္ဓာလည်း ရ၏။ တနည်းကား တကျော၏ အာရုံ ဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ကောသီတိ စေတသိက်ဒွေပညာသဟုဆိုအပ်သော ပိယရုပ် သာတရုပ်ရ၏။ ရုပ္ပနလက္ခဏာ ရှိသော ရုပ်အဋ္ဌဝီသ ဟုဆိုအပ်သော ရူပက္ခန္ဓာလည်း ရ၏။ ။(ငင်းနှစ်နည်းတွင် ရှေ့နည်းကိုပယ်၍ နောက်နည်းကိုသာ ချရိုးပြုတော်မူသည်။ ။ပယ်သင့်ကြောင်းကိုနောက်၌ဆိုလတ္တံ့။)။ ။ရူပက္ခန္ဓောဟူသော သံသယပုဒ်၏အရကား ရုပ္ပနလက္ခဏာရှိသော အစိတ်ဖြစ်သော ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော ရူပက္ခန္ဓာသာရ၏။ ရူပက္ခန္ဓောရူပံဟူ၍ ဟောတော်မူအပ်သော ပဋိလောမပုစ္ဆာ၌ ရူပက္ခန္ဓောဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ရူပက္ခန္ဓာရ၏။ သံသယငင်းရ၏။

**အမှာ** အပေါင်းဖြစ်သော ပိယရုပ် သာတရုပ် ဟူသည်ကား စက္ခုလောကေ ပိယရူပံ သာတရူပံ ဧတ္ထေသာ တဏှာ ဥပ္ပဇ္ဇမာနာ ဥပ္ပဇ္ဇတိ အစရှိသည်ကို ဟောတော်မူ

သောကြောင့် လောကီစိတ် စေတသိက်ဒွေပညာသ
ရုပ်အဌဝီသ။ ဤလောကီခန္ဓာငါးပါးအပေါင်းတည်း။ ဤလောကီ
ခန္ဓာငါးပါးအပေါင်းသည် ချစ်အပ် သာယာအပ်သော သဘောရှိ
သောကြောင့် ပိယရုပ် သာတရုပ် မည်၏။ ရုပ္ပနသဘောမရှိသော
ကြောင့် ရူပက္ခန္ဓာမမည်။ ရူပဟူသော သာမညသညာကိုသာရ၏။
ရူပက္ခန္ဓာဟူသော ဝိသေသသညာကိုမရ။ လောကီခန္ဓာ အစိတ်
ဖြစ်သော ဘူတရုပ် ဥပါဒါရုပ်တည်းဟူသော ရူပက္ခန္ဓာသည်ကား
ချစ်အပ် သာယာအပ်သော သဘောရှိသောကြောင့် ပိယရုပ်
သာတရုပ်ဟု ဆိုအပ်သော ရူပလည်း မည်၏။ ရုပ္ပနသဘောရှိသော
ကြောင့် ရူပက္ခန္ဓာလည်း မည်၏။ ရူပဟူသော သာမညသညာကို
လည်းရ၏။ ရူပက္ခန္ဓာဟူသော ဝိသေသ သညာကိုလည်း ရ၏။
ဤသို့ကောက်ခြင်းသည်ကား ယံ ပဋ္ဌက္ခန္ဓာ သမုဒါယဘူတံ ပိယ
ရူပံ သာတရူပံ တံ ဧကဒေသေန ရူပက္ခန္ဓော ဟောတိ အစရှိသော
ဋီကာနှင့်အညီတည်း။ တနည်းလည်း လောကီစိတ် ဧကာသီတိ
စေတသိက် ဒွေပညာသကိုသာ ပိယရူပံ သာတရူပံ အရသို့သွင်း၍
ကောက်ကုန်၏။ ရုပ်အဌဝီသကို မကောက်ကုန်။ ဤနှစ်နည်းတွင်
ရှေးနည်းကို စကျွလောကေ ပိယရူပံ သာတရူပံ အစရှိသောပါဠိ
တော်နှင့်အညီ ဆရာတို့နှစ်သက်တော်မူကြကုန်၏ဟု အမှာအထား
စကားများကိုဆိုကြကုန်၏။ သို့သော်လည်း ရူပံခန္ဓောတိအာမန္တာ
ဟု သုဒ္ဓခန္ဓဝါရပါဠိတော်၌ဟောတော်မူသောကြောင့်၎င်း ထိုပါဠိ
တော်၏အဖွင့် ဖြစ်သောအဋ္ဌကထာ၌လည်း တတ္ထ ယသ္မာ ပိယရူပံ
သာတရူပံဝါ ဟောတု ဘူတုပါဒါရူပံဝါ။ သဗ္ဗံပဉ္စသုခန္ဓေသု သင်္ဂဟံ
ဂစ္ဆတေဝါတိအာဟ ရူပံခန္ဓောတိ၊ အာမန္တာတိဟု ဖွင့်ပြတော်မူ
သောကြောင့်၎င်း ပိယရုပ် သာတရုပ်၌ ရှိသော ရုပ်အဌဝီသသည်
ရူပက္ခန္ဓာမည်သည်သာဖြစ်၍ ပိယရုပ် သာတရုပ်၌ ရူပက္ခန္ဓာကို
ဟောတော်မူသော်လည်း ရူပက္ခန္ဓော ရူပဉ္စေဝ ရူပက္ခန္ဓောစ ဟု
ရူပက္ခန္ဓာကို ဟောတော်မူလတ္တံ့ဖြစ်၍ ပါရိသေသ နည်းအားဖြင့်
ဟောလတ္တံ့သော ရူပက္ခန္ဓာမှ အကြွင်းဖြစ်သော နာမက္ခန္ဓာကိုသာ

ပိယရူပံ သာတရူပံအရကို ကောက်ခြင်းသည် သုဒ္ဓခန္ဓဝါရပါဠိတော် အဋ္ဌကထာတို့နှင့် အလွန်ညီညွတ်သည် ထင်ပေသည်။ ပိယရူပံ သာတရူပံအရမှာ ရုပ်အဋ္ဌဝီသကို တည့်သွင်း၍ ကောက်လျှင် ၎င်းသုဒ္ဓ ခန္ဓဝါရပါဠိ အဋ္ဌကထာနှင့် ညီသည်မထင် ဆင်ခြင် စဉ်းစား၍ ယူကြပါကုန်။ ။တဏှာ၏ အာရုံဖြစ်ခိုက် တဏှာ၏အာရုံဖြစ်သောဟု ပိယရူပ် သာတရူပ်ကို ဝိသေသနမ၍ ကောက်ခြင်းသည် တဏှာ၏အာရုံမဟုတ် ဝိပဿနာ ကုသိုလ်စသည်တို့၏ အာရုံဖြစ်သော လောကီတရားကို နရူပံဟူသောပစ္စနိက်၌ရသင့်သကဲ့သို့ဖြစ်၏။ရကားမရ။လောကုတ္တရာတရား ပညတ်တရားကိုသာ ရသည်ဖြစ်၍ အနုလုံနှင့်ပစ္စနိက်သည် အညမညဝိရောဓိဖြစ်ခဲ့၏။ ထိုကြောင့် ပိယရူပ် သာတရူပ်ကို တဏှာ၏အာရုံဖြစ်ထိုက်သောဟု ဝိသေသနမ၍ ကောက်ခြင်း သင့်မြတ်သည် ထင်သည်။ တဏှာ၏အာရုံဖြစ်ထိုက်သောဟု ဝိသေသနကို မသည်ရှိသော် တဏှာ၏အာရုံဟုတ်သည်ဖြစ်စေ။ မဟုတ်သည်ဖြစ်စေ လောကီတရားအားလုံးကိုပင် ပိယရူပ်သာတရူပ်ဟု ဆိုအပ်သောကြောင့်နရူပံဟူသောပစ္စနိက်၌ လောကုတ္တရာတရား ပညတ်တရားကိုကောက်ရခြင်းသည် အနုလုံပစ္စနိက်မဆန့်ကျင်ခြင်းကြောင့် အညမညဝိရောဓိမဖြစ်။ ထိုကြောင့် မှာထားသမျှစကားကို သတိသမ္ပဇညတရားဖြင့် စဉ်းစားဆင်ခြင်၍ ယူတော်မူကြပါကုန်။ ။

ရူပက္ခန္ဓောဟူသောပုဒ်၌ အချို့ဆရာတို့က သတ္တဝါတို့ သန္တာန်၌ဖြစ်သောရုပ်သာလျှင် ရူပက္ခန္ဓာမည်သည်။ ကုံး တိုင် စသည်၌ဖြစ်သော ဗာဟိရရုပ်သည် ရူပက္ခန္ဓာမမည်ဟု ဆိုကြကုန်၏။ ထိုစကားမသင့်။ ။အဘယ့်ကြောင့်နည်းဟူမူကား ဓာတုကထာပါဠိတော်၌။ ။အဗျာကတာဓမ္မာ အသင်္ခတံခန္ဓတော ထပေတွာ ပဉ္စဟိ ခန္ဓေဟိ သင်္ဂဟိတာဟု အဗျာကတတရားတို့ကို နိဗ္ဗာန်ကိုထား၍ ငါးပါးသော ခန္ဓာတို့ဖြင့် ရေတွက်အပ်သောကြောင့်၎င်း ပဋ္ဌာန်းပါဠိတော်၌လည်း အဗျာကတံဓမ္မံပဋိစ္စ အဗျာကတော ဓမ္မော ဥပ္ပဇ္ဇတိနဟေတုပစ္စယာ။ ။ဗာဟိရံ ဧကံမဟာဘူတံပဋိစ္စ

တယော မဟာဘူတာ စသည်ဖြင့် အဇ္ဈာကတ၌ ဗာဟိရရုပ်ကို ဟောတော်မူအပ်သောကြောင့်ရင်း။ ။ပဋ္ဌာန်းအဋ္ဌကထာ၌လည်း ဗာဟိရန္တိ ပထဝီ ပါသာဏာဒိသု ဒိဋ္ဌံသန္တာယ ဝုတ္တံ ဟု ပထဝီ ပါသာဏစသည်၌ တည်သော သတ္တဝါသန္တာန်၌မဖြစ်သော ရုပ်ကိုသာ ဗာဟိရဟု ဖွင့်ပြတော်မူအပ်သောကြောင့်ရင်း ထိုဆရာတို့စကားသည် ယခင်ပါဠိအဋ္ဌကထာတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သည်ဖြစ်၍ မသင့်ဟူ၍ မှတ်သင့်သည် ထင်ပေသည်။ ။ စကားချပ်။

ရူပက္ခန္ဓယမကကို။၌။ ဝေဒနာက္ခန္ဓ ယမကကို။၏။ စစ်မြဲ။ ။ ဝေဒနာ ဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ ဝေဒနာက္ခန္ဓောဝေဒနာတိ။ အာမန္တာ။ ။ဝေဒနာ၊၏။ ဝေဒနာက္ခန္ဓော၊ လော၊ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ အာမန္တာ၊ ဝေဒနာမည်သော တရားသည် ဝေဒနာက္ခန္ဓာမည်၏။ ဣတိဝိသဇ္ဇနာ၊ သည်။ ဟောတိ၊၏။ ပဋိလောမပေးမြဲ။ ။ဝေဒနာဝေဒနာက္ခန္ဓောဟူ၍။ပ။ ၌။ ဝေဒနာဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ဝေဒနာ စေတသိက်ရ၏။ ဝေဒနာက္ခန္ဓော ဟူသောသံသယပုဒ်၏ အရကား ဝေဒနာစေတသိက်ရင်းရ၏။ ။ပဋိကား ဝေဒနာက္ခန္ဓာရ၏။ သံသယရင်းရ၏။

သညာသညာက္ခန္ဓောတိ။ ဒိဋ္ဌိသညာသညာ နသညာက္ခန္ဓော။ သညာက္ခန္ဓော သညာစေဝသညာက္ခန္ဓောစ။ ။သညာက္ခန္ဓော သညာတိ။ အာမန္တာ။ ။သညာ၊၏။ သညာက္ခန္ဓော၊ လော။ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ဒိဋ္ဌိသညာ၊ ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သောသညာသည်။ သညာ၊ ၏။ နသညာက္ခန္ဓော၊ မမည်။ သညာက္ခန္ဓော၊ သည်။ သညာစေဝ၊ လည်းမည်၏။ သညာက္ခန္ဓောစ၊ လည်းမည်၏။ ဣတိဝိသဇ္ဇနာ၊ သည်။ ဟောတိ၊၏။ ပဋိလောမ လွယ်ပြီ။

သညာသညာက္ခန္ဓောဟူ၍။ပ။ ၌။ သညာဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ဒိဋ္ဌိစေတသိက်ဟု ဆိုအပ်သော သညာရ၏။

သဉ္ဇာနနလက္ခဏာရှိသော သညာက္ခန္ဓာလည်းရ၏။ သံသယကား နောက်သာရ၏။ ။ပဋိကား သညာက္ခန္ဓာရ၏။ သံသယငြင်းရ၏။

သင်္ခါရာ သင်္ခါရက္ခန္ဓောတိ။ သင်္ခါရက္ခန္ဓံ ထပေတွာ အဝသေသာ သင်္ခါရာန သင်္ခါရက္ခန္ဓာ။ သင်္ခါရက္ခန္ဓော သင်္ခါရာစေဝ သင်္ခါရက္ခန္ဓောစ။ သင်္ခါရက္ခန္ဓော ;သင်္ခါရာတိ။ အာမန္တာ။ ။သင်္ခါရက္ခန္ဓံ ကို။ ထပေတွာ၊ ၍။ အဝသေသာ ကြွင်းကုန်သော။ သင်္ခါရာ၊ တို့သည်။ နသင်္ခါရက္ခန္ဓာ၊ မမည်။ ဝါ၊ အဝသေသာ၊ တို့သည်။ သင်္ခါရာ၊ ကုန်၏။ နသင်္ခါရက္ခန္ဓာ၊ မမည်။ နှစ်နည်း။ ။အနုကား စိတ်တခုယုတ်ကိုးဆယ်ဝေဒနာသညာ ရုပ်အဗ္ဗဝိသရ၏။ သင်္ခါရက္ခန္ဓာ ငါးဆယ်လည်းရ၏။ သံသယကား နောက်သာရ၏။ ။သရူပဒဿန ကောဋ္ဌာသတင်ပြီ။ အဖြောင့် အဝသေသာရှိသည်ဟူ၍ အပြန်မယူလေနှင့်။ ပဋိကား သင်္ခါရက္ခန္ဓာ ငါးဆယ်ရ၏။ သံသယငြင်းရ၏။

ဝိညာဏံ ဝိညာဏက္ခန္ဓောတိ။ အာမန္တာ။ ။ဝိညာဏက္ခန္ဓော ဝိညာဏန္တိ။ အာမန္တာ။ ။အနုကား ဝိညာဏက္ခန္ဓာရ၏။ သံသယငြင်း။ ပဋိလောမငြင်းရ၏။ ။ပဒသောဓနဝါရအနုလုံပြီး၏။

---

**ပစ္စနီက**

ပစ္စနီကဉ္စ နရူပံနရူပက္ခန္ဓောတိ။ အာမန္တာ။ ။နရူပက္ခန္ဓော နရူပန္တိ။ ပိယရူပံ သာတရူပံ နရူပက္ခန္ဓောရူပံ ရူပဉ္စရူပက္ခန္ဓဉ္စ ထပေတွာ အဝသေသာနစေဝရူပံ နစရူပက္ခန္ဓော။

၂၇။ ပဋိလောမ၌နရူပက္ခန္ဓော၊မမည်။နရူပံ၊လော။ပ။ ပိယရူပံ၊ ပိယရုပ်သည်။ သာတရူပံ၊ သာတရုပ်သည်။ နရူပက္ခန္ဓော၊မမည်။ ရူပံ၊ ရုပ်သော်ကားမည်၏။ ရူပဉ္စ၊ ကိုငြင်း။ရူပက္ခန္ဓဉ္စ၊ကိုငြင်း။ထပေတွာ၊၍။ အဝသေသာ၊တို့သည်။ နစေဝရူပံ၊မမည်။နစရူပက္ခန္ဓော၊ မမည်။အနုကား လောကုတ္တရာစိတ်ရှစ်ခု စေတသိက် ဆတ္တိံသ နိဗ္ဗာန် ပညတ်ရ၏။သံသယငြင်းရ၏။ ။ပဋိကား ဘဏ္ဍာ၏အာရုံ

ဖြစ်သောချစ်အပ်သာယာအပ်သော လောကီစိတ် ကောသိတိ စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသဟု ဆိုအပ်သော အပေါင်းဖြစ်သော ပိယရုပ် သာတရုပ်ရ၏။ တနည်းကား တဏှာ၏အာရုံဖြစ်ထိုက်သော ချစ်အပ် သာယာအပ်သော လောကီစိတ် ကောသိတိ စေတသိက်ဒွေပညာသဟု ဆိုအပ်သော ပိယရုပ်သာတရုပ်ရ၏။ လောကုတ္တရာစိတ်ရှစ်ခု စေတသိက် ဆတ္တိံသ နိဗ္ဗာန် ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။

နဝေဒနာနဝေဒနာက္ခန္ဓောတိ။အာမန္တာ။ ။နဝေဒနာက္ခန္ဓော နဝေဒနာတိ။ အာမန္တာ။ ။အနုကား ဝေဒနာက္ခန္ဓာမှတပါးခန္ဓာလေးပါး နိဗ္ဗာန် ပညတ်ရ၏။ သံသယငင်းရ၏။ ပဋိလောမ၌သန္နိဋ္ဌာန် သံသယလည်းအတူတူ။

နသညာနသညာက္ခန္ဓောတိ။ အာမန္တာ။ ။နသညာက္ခန္ဓော နသညာတိ။ ဒိဋ္ဌိ သညာ နသညာက္ခန္ဓော သညာ။ သညာ့ သညာက္ခန္ဓ်ဳ ထပေတွာ အဝသေသာ နစေဝသညာ နစသညာက္ခန္ဓော။ ။ဒိဋ္ဌိသညာ၊ ဒိဋ္ဌိသညာသည်။ နသညာက္ခန္ဓော၊ မမည်၊ သညာ၊ သညာသော်ကားမည်၏။ သညာ့၊ ကိုငင်း။ လွယ်ပြီ။ ။ဒိဋ္ဌိသညာသညာ နသညာက္ခန္ဓော ဟုအနုလိုက်၍သို့ အချို့ပါဌ်ရှိ၏။ ။အနုကား ဒိဋ္ဌိသညာ သညာက္ခန္ဓာမှ တပါး ခန္ဓာလေးပါး နိဗ္ဗာန် ပညတ်ရ၏။ သံသယငင်းရ၏။ ။ပဋိကား ဒိဋ္ဌိစေတသိက်ဟုဆိုအပ်သောသညာရ၏။ဒိဋ္ဌိသညာ သညာက္ခန္ဓာမှတပါး ခန္ဓာလေးပါး နိဗ္ဗာန် ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။

နသင်္ခါရာနသင်္ခါရက္ခန္ဓောတိ။အာမန္တာ။ ။နသင်္ခါရက္ခန္ဓော နသင်္ခါရာတိ။ သင်္ခါရက္ခန္ဓံ ထပေတွာ အဝသေသာ နသင်္ခါရက္ခန္ဓောသင်္ခါရာ။သင်္ခါရဉ္စသင်္ခါရက္ခန္ဓဉ္စ ထပေတွာ အဝသေသာနစေဝ သင်္ခါရက္ခန္ဓော နစသင်္ခါရာ။ ဤ၌လည်း အဝသေသာသင်္ခါရာ နသင်္ခါရက္ခန္ဓောဟု အချို့ပါဌ်ရှိ၏။ ။အနုကား နိဗ္ဗာန် ပညတ်ရ၏။ သံသ

ယဂုင်းရ၏။ ။ပဋိကား စိတ်တခုယုတ်ကိုးဆယ် ဝေဒနာ သညာ ရုပ်အဋ္ဌဝီသရ၏။ နိဗ္ဗာန် ပညတ်လည်းရ၏။သံသယကားနောက် သာရ၏။

နဝိညာဏံ။ပ။အာမန္တာ။ ။အနုကား ဝိညာဏက္ခန္ဓာမှတပါး ခန္ဓာလေးပါး နိဗ္ဗာန် ပညတ်ရ၏။ သံသယဂုင်း။ ပဋိလောမဂုင်း ရ၏။ ။ပဒသောဓနဝါရပြီး၏။

---

## ၂-ပဒသောဓနမူလစက္ကဝါရ အနုလောမ

ပဒသောဓနမူလစက္ကဝါရ၌ ရူပံရူပက္ခန္ဓောတိ။ ပိယရူပံ။ ပ။ ရူပက္ခန္ဓော စ။ ။ခန္ဓာဝေဒနာက္ခန္ဓောတိ။ ဝေဒနာက္ခန္ဓော ခန္ဓော စေဝ ဝေဒနာက္ခန္ဓော စ။ အဝသေသာခန္ဓာ နဝေဒနာက္ခန္ဓာ။ ။ အနုလောမ ကောက်မြဲ။

ပဋိကား ဝေဒနာက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ ဝေဒနာက္ခန္ဓာလည်းရ၏။ ။အကြွင်းလေးပါးကို ဤနည်းအတူသွတ်၍ ဟောလေ။

ဝေဒနာ ဝေဒနာက္ခန္ဓောတိ၊အာမန္တာ။ ။ခန္ဓာ ရူပက္ခန္ဓောတိ။ ရူပက္ခန္ဓော ခန္ဓော စေဝ ရူပက္ခန္ဓော စ။ အဝသေသာ ခန္ဓာ နရူပက္ခန္ဓာ။ ။ပဋိကား။ ရူပက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ ရူပက္ခန္ဓာလည်းရ၏။ ကောဋ္ဌာသပြန်။ အကြွင်းထည့်မြဲ။ကြွင်းသော သညာက္ခန္ဓာ အစရှိသည်တို့၌လည်း ရူပက္ခန္ဓာအစရှိသော ခန္ဓာ လေးပါးတို့ကိုထည့်၍ ဟောလေ။ ။အနုလုံစက်ပြီး၏။

---

## ပစ္စနီက

ပစ္စနီက်၌ နရူပံ နရူပက္ခန္ဓောတိ။ အာမန္တာ။ ။နခန္ဓာနဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ အနုလောမ၌ ပဒသောဓနက အတိုင်း ကောက်။ ။ပဋိ ကား နိဗ္ဗာန် ပညတ်ရ၏။ သံသယဂုင်းရ၏။ ပဋိလောမဟူသမျှ နိဗ္ဗာန် ပညတ်သာရ၏။ အနုလောမမှာလည်း

ပဒသောဓနေက အတိုင်း ကောက်လေ။ ။ပစ္စနိက်ပြီး၏။ ။ပဒ သောဓနေ မူလစက္ကဝါရပြီး၏။

---

## ၃-သုဒ္ဓခန္ဓဝါရ အနုလောမ

သုဒ္ဓခန္ဓဝါရ၌ ရူပံခန္ဓောတိ။ အာမန္တာ။ ။ခန္ဓာရူပက္ခန္ဓောတိ။ ရူပက္ခန္ဓောခန္ဓောစေဝရူပက္ခန္ဓောစ။အဝသေသာခန္ဓာနရူပက္ခန္ဓော။ အနု ကား တဏှာ၏ အာရုံဖြစ်သော ချစ်အပ်သာယာအပ်သော လောကီစိတ် စေတသိက် ဒွေပညာသ ရုပ်အဋ္ဌဝီသ ရ၏။ သံသယရင်းရ၏။

အဖွာ · တဏှာယတ္ထ ပိယရူပံသာတရူပံဝါ ဟောတု ဘူတု ပါဒါရူပံဝါ။ သဗ္ဗံ ပဉ္စသု ခန္ဓေသု သင်္ဂဟံ ဂစ္ဆတေဝ ဟု အဋ္ဌကထာလာသောကြောင့် ပိယရုပ် သာတရုပ်နှင့် တကွ ရုပ်အဋ္ဌဝီသကို ကောက်သည်။

ပဋိ ကား ရူပက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ ရူပက္ခန္ဓာ လည်းရ၏။ သံသယကား နောက်သာရ၏။ ဝေဒနာ ခန္ဓောတိ၊ အာမန္တာ။ ။ခန္ဓာဝေဒနာက္ခန္ဓောတိ။ပ။က္ခန္ဓော။ ။အနု ကား ဝေဒနာက္ခန္ဓာရ၏။ သံသယရင်းရ၏။ ။ပဋိ ကား ဝေဒနာက္ခန္ဓာမှ တပါး ခန္ဓာလေးပါးရ၏၊ဝေဒနာက္ခန္ဓာလည်းရ၏။ သံသယကား နောက်သာရ၏။ သညာက္ခန္ဓယမက၌ အနု ကား ဝိဋ္ဌိသညာ သညာက္ခန္ဓာရ၏။ သံသယရင်းရ၏။ ။ပဋိလောမ ကောက်မြဲ။ သင်္ခါရက္ခန္ဓ ယမက၌ အနု ကား စိတ်တခုယုတ် ကိုးဆယ် စေ တသိက်ဒွေပညာသ။ ရုပ်အဋ္ဌဝီသရ၏။ သံသယရင်းရ၏။ ပဋိ လောမနည်းတူကောက်။ ဝိညာဏက္ခန္ဓယမက၌ အနု ကား ဝိညာဏက္ခန္ဓာရ၏။ သံသယ ရင်းရ၏။ ။ပဋိလောမနည်းတူ။ အနုလုံပြီး၏။

## ပစ္စနိက

ပစ္စနိကတ္ထ် နရူပံ နခန္ဓောတိ။ ရူပံထပေတွာ အဝသေသာခန္ဓာ နရူပံခန္ဓော။ ရူပဥ္စ ခန္ဓေစ ထပေတွာ အဝသေသာနစေဝရူပံ. နစ ခန္ဓော။ ။နခန္ဓာ နရူပက္ခန္ဓောတိ။ အာမန္တာ။

၃၉။ နရူပံ၊ ရုပ်မမည်။ နခန္ဓော၊ ခန္ဓာမမည်သလော။ပ။ ရူပံ၊ ရုပ်ကို။ ထပေတွာ၊ထား၍။ အဝသေသာ၊ ရုပ်မှ ကြွင်းကုန်သော။ ခန္ဓာ၊တို့သည်။ နရူပံ၊ရုပ်မမည်။ ခန္ဓော၊ ခန္ဓာသော်ကား မည်၏။ အနု ကား လောကုတ္တရာစိတ်ရှစ်ခု စေတသိက်ဆတ္တိံသရ၏။ နိဗ္ဗာန်ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။ ။ ပဋိလောမ၌ နိဗ္ဗာန်ပညတ်သာရ၏။

နဝေဒနာ နခန္ဓောတိ။ ဝေဒနံထပေတွာ အဝသေသာ ခန္ဓာ နဝေဒနာက္ခန္ဓော၊ ဝေဒနဥ္စခန္ဓေစ ထပေတွာအဝသေသာ နစေဝ ဝေဒနာနစခန္ဓော။ ။နခန္ဓာ နဝေဒနာက္ခန္ဓောတိ။ အာမန္တာ။ အနု ကား ဝေဒနာက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ နိဗ္ဗာန် ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။ ပဋိလောမ. ၎င်းရ၏။

နသညာ နခန္ဓောတိ။ သညံထပေတွာ။ပ။ အာမန္တာ။ ။အနု ကား ဒိဋ္ဌိသညာ သညာက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ နိဗ္ဗာန် ပညတ်လည်းရ၏။ သံသယကား နောက်သာရ၏။ ပဋိလောမ သံသယနှင့်အတူ။

နသင်္ခါရာ နခန္ဓောတိ။ အာမန္တာ။ ။နခန္ဓာ နသင်္ခါရက္ခန္ဓောတိ။ အာမန္တာ။ ။အနု ကား နိဗ္ဗာန်ပညတ်ရ၏။ သံသယ၎င်းရ၏။ ပဋိလောမ၎င်းရ၏။ ။(ဤယမကဌ်အချို့သော ပါဠိ၌ အာမန္တာ ရှိ၏။ အချို့သောပါဠိ၌ ဝိဘင်းရှိ၏။ အာမန္တာရှိသော ပါဠိသည် သင့်မြတ်၏ဟု ဆရာတို့ မိန့်တော်မူကုန်၏)။

နဝိညာဏံ နခန္ဓောတိ။ ဝိညာဏံ ထပေတွာ။ပ။ အာမန္တာ။ အနု ကား ဝိညာဏက္ခန္ဓာမှတပါး ခန္ဓာလေးပါးရ၏။ နိဗ္ဗာန်

ပညတ်လည်းရ၏။ ပဋိလောမ၌ နိဗ္ဗာန် ပညတ်ရ၏။ သုဒ္ဓခန္ဓဝါရ ပြီး၏။

---

## ၄-သုဒ္ဓခန္ဓ မူလစက္ကဝါရ အနုလောမ

သုဒ္ဓခန္ဓမူလစက္ကဝါရ၌ အကောက်မထူးပြီ။သုဒ္ဓကိုမှီ၍ ကောက်လေ။ ဤပဏ္ဏတ္တိဝါရ၌ ဌာနဟူသော်ကား နှစ်ဆဲ့ခြောက်ဌာန ရကောင်း၏။နှစ်ဆဲ့ခြောက်ဌာန ဟူသော်ကား—

ဆစတ္တာရိ ဆဆစတု၊ဌာနာနိ ကမတော သိယုံ။
ခန္ဓေသု ဉာတိဆဗ္ဗီသ၊ခန္ဓပဏ္ဏတ္တိမှိ ဝါရကေ။

ဟူသောဂါထာနှင့်အညီ ရူပက္ခန္ဓဌာန ခြောက်ပါး၊ ဝေဒနာက္ခန္ဓဌာနလေးပါး။သညာက္ခန္ဓဌာနခြောက်ပါး။သင်္ခါရက္ခန္ဓဌာန ခြောက်ပါး။ ဝိညာဏက္ခန္ဓဌာနလေးပါး။ ဤသို့အားဖြင့် နှစ်ဆဲ့ခြောက်ဌာန ဖြစ်သတည်း။

ရူပက္ခန္ဓဌာနခြောက်ပါးဟူသော်ကား ပိယရူပံသာတရူပံလည်း တပါး။ရူပက္ခန္ဓောလည်းတပါး။ရူပဉ္စခန္ဓေစထပေတွာလည်းတပါး။ ရူပက္ခန္ဓောခန္ဓောစေဝရူပက္ခန္ဓောစလည်းတပါး။အဝသေသာခန္ဓာ လည်းတပါး။ ရူပံထပေတွာလည်းတပါး။ ဤသို့အားဖြင့် ခြောက် ပါးတည်း။

ဝေဒနာက္ခန္ဓဌာန လေးပါး ဟူသော်ကား ဝေဒနာက္ခန္ဓော ခန္ဓောစေဝ ဝေဒနာက္ခန္ဓောစလည်းတပါး။ အဝသေသာလည်း တပါး။ ဝေဒနံထပေတွာလည်းတပါး။ ဝေဒနဉ္စခန္ဓေစ ထပေတွာ လည်းတပါး။ ဤသို့အားဖြင့် လေးပါးတည်း။

သညာက္ခန္ဓဌာန ခြောက်ပါးဟူသော်ကား၊ ပိယသညာလည်း တပါး။ သညာက္ခန္ဓောလည်းတပါး။ သညဉ္စ ခန္ဓေစ ထပေတွာ လည်းတပါး။ သညာက္ခန္ဓော ခန္ဓောစေဝ သညာက္ခန္ဓောစလည်း တပါး။ အဝသေသာလည်းတပါး။ သညံထပေတွာလည်းတပါး။ ဤသို့အားဖြင့် ခြောက်ပါးတည်း။

သဠာယတနဒွာန ခြောက်ပါးဟူသော်ကား သဠာယတနံ့ထပေတွာလည်းတပါး၊ သဠာယတနေ့ခန္ဓေလည်းတပါး၊ သဠာယတနေ့ခန္ဓေစ ထပေတွာလည်းတပါး၊ သဠာယတနေ့ ခန္ဓေစဝ သဠာယတနေ့ခန္ဓေစလည်းတပါး၊ အဝသေသာ ခန္ဓာလည်းတပါး၊ သဠာယတနံထပေတွာလည်းတပါး၊ ဤသို့အားဖြင့် ခြောက်ပါးတည်း။

ဝိညာဏကန္ဓ လေးဌာနဟူသော်ကား ဝိညာဏက္ခန္ဓေ ခန္ဓေစဝ ဝိညာဏက္ခန္ဓေစလည်းတပါး၊ အဝသေသာလည်းတပါး၊ ဝိညာဏံထပေတွာလည်း တပါး၊ ဝိညာဏဉ္စ ခန္ဓေစထပေတွာလည်းတပါး၊ ဤသို့အားဖြင့် လေးပါးတည်း။

---

## ၂-ပဝတ္တိဝါရ ၁-ဥပ္ပါဒဝါရ

### ၁-ပစ္စုပ္ပန္နဝါရ အနုလောမ ပုဂ္ဂလ

ပဏ္ဏတ္တိဝါရကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဝတ္တိဝါရကို ဟောတော်မူ၏။ ထိုပဝတ္တိဝါရ သည်လည်း ဥပ္ပါဒဝါရ၊ နိရောဓဝါရ၊ ဥပ္ပါဒနိရောဓဝါရအားဖြင့် သုံးပါးအပြားရှိ၏။ ထိုသုံးပါးတို့တွင် ဥပ္ပါဒဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုဥပ္ပါဒဝါရသည်လည်း ပစ္စုပ္ပန္နဝါရ အတီတဝါရ အနာဂတဝါရ ပစ္စုပ္ပန္နာတီတဝါရ ပစ္စုပ္ပန္နာနာဂတဝါရ အတီတာနာဂတဝါရအားဖြင့် ခြောက်ပါး အပြားရှိ၏။ ထိုခြောက်ပါးတို့တွင် ပစ္စုပ္ပန္နဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပစ္စုပ္ပန္နဝါရသည်လည်း အနုလုံ ပစ္စနိက်အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလုံကို ရှေးဦးစွာဟောတော်မူ၏။ ထိုအနုလုံသည်လည်း ပုဂ္ဂလဝါရ ဩကာသဝါရ ပုဂ္ဂလောကာသဝါရ အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် ပုဂ္ဂလဝါရကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုပုဂ္ဂလဝါရ၌ တုံသည်လည်း ရူပက္ခန္ဓမူလ။ သဠာယတနမူအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ရူပက္ခန္ဓမူကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုရူပက္ခန္ဓမူသည်လည်း ဝေဒနာက္ခန္ဓမူလီ အစ

ရှိသောအားဖြင့် လေးပါးအပြားရှိ၏။ ထိုလေးပါးတို့တွင် ဝေဒနာက္ခန္ဓ မူလကိုရှေးဦးစွာ ဟောတော်မူ၏။ ထိုဝေဒနာက္ခန္ဓ မူလိသည်လည်း အနုလောမ ပဋိလောမအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အနုလောမကို ရှေးဦးစွာ ဟောတော်မူ၏။ ထိုအနုလောမသည်လည်း ပုစ္ဆာ ဝိသဇ္ဇနာအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် ပုစ္ဆာကို ရှေးဦးစွာဟောတော်မူ၏။ ထိုပုစ္ဆာသည်လည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် သန္နိဋ္ဌာန်ကို ရှေးဦးစွာဟောတော်မူ၏။ ဟောဟန်ကား ယဿရူပက္ခန္ဓော ဥပ္ပဇ္ဇတိ ဟူသည်တည်း။ ထိုနောင် သံသယကိုဟောတော်မူ၏။ ဟောဟန်ကား တဿဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိဟူသည်တည်း။ ပုစ္ဆာကို ဟောတော်မူသည်၏ အခြားမဲ့၌ ဝိသဇ္ဇနာကို ဟောတော်မူ၏။ ဟောဟန်ကား အသညသတ္တံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နောစ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇတိ ဝေဒနာက္ခန္ဓောစ ဥပ္ပဇ္ဇတိ ဟူသည်တည်း။ အနုလောမကို ဟောတော်မူသည်၏ အခြားမဲ့၌ ပဋိလောမကို ဟောတော်မူ၏။ ထိုပဋိလောမသည်လည်း ပုစ္ဆာ ဝိသဇ္ဇနာ အားဖြင့် နှစ်ပါးအပြားရှိ၏။စစ်မြ။ ယဿ၀ါပနး၀။ အရူပံ ဥပပဇ္ဇန္တာနံး၀။ ပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ။၀။

၅၀။ ယဿ၊အကြင်ပုဂ္ဂိုလ်အား။ ရူပက္ခန္ဓော၊ရူပက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ။ တဿ၊ ထိုရူပက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား။ ဝေဒနာက္ခန္ဓော၊ ဝေဒနာက္ခန္ဓာသည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲလော။ ဣတိ ပုစ္ဆာယံ၊ဤသို့သော အမေးတော်သည်။ သတိ၊ ရှိသော်။ အသည္ဘသတ္တံ-အသညသတ္တဘဝေ၊ အသညသတ်ဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေ နေဆဲဖြစ်ကုန်သော။ တေသံ၊ထိုပုဂ္ဂိုလ်တို့အား။ရူပက္ခန္ဓော၊သည်။ ဥပ္ပဇ္ဇတိ၊ဖြစ်ဆဲ။ တေသံ၊ တို့အား။ ဝေဒနာက္ခန္ဓော၊သည်။ နောစဥပ္ပဇ္ဇတိ၊ဖြစ်ဆဲမဟုတ်။ ပဉ္စဝေါကာရံ-ပဉ္စဝေါကာရဘဝေ၊

ပဋ္ဌဝေါကာရဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ကုန်သော။ တေသံ၊ ထိုအား။ ရူပက္ခန္ဓော၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ ဝေဒနာက္ခန္ဓော၊ သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ ပဋိလောမ၌လည်း နည်းတူပေး။ အံရူပံ–အရူပဘဝေ၌။ ဤမျှသာထူးသည်။

ယဿရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ဟူ၍ ဟောတော်မူအပ်သော အနုလောမ ပုစ္ဆာ၌ ယဿ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား အစ ရှိသော ဇီဝိတနဝက ကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟု ဆို အပ်သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ်ပုဂ္ဂိုလ်ရ၏။ ပဉ္စဝေါကာရ ပဋိသန္ဓေပန္နရသ စေတသိက် ပဉ္စတိ သကမ္မဇကလာပ် သုံးစည်း ခုနစ်စည်း လေးစည်းတို့၏ ဥပ္ပါ ဒက္ခဏသမင်္ဂီဟု ဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက်အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်လည်း ရ၏။ ။ဂဗ္ဘသေယျကကို ရည်၍ သုံးစည်း။ သံသေဒဇ ဩပပါ တိကကိုရည်၍ ခုနစ်စည်း။ ရူပါဝစရကိုရည်၍ လေးစည်းဆိုသည်။ သံသယကား နောက်သာရ၏။

ထိုသို့ရရသောကြောင့် အကြင်ပုဂ္ဂိုလ်အား ရူပက္ခန္ဓာဖြစ်ဆဲ။ ထို ရူပက္ခန္ဓာ ဖြစ်ဆဲ ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဆဲလောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည် မရှိသော်လည်း ဝေ နေယျတ္ထာသယ်အားဖြင့် မေးတော်မူ၍ အမေးလေးပါးတို့တွင် ပုရေပဉ္စာ ပစ္ဆာပဉ္စာနှစ်ပါး၏ လက္ခဏာနှင့် ပြည့်စုံသော ပရိပုဏ္ဏ ပဉ္စာဖြင့် မေးတော်မူသည် အားလျော်ပတ်စွာ သန္နိဋ္ဌာန်ပုဒ်၏ အရသာဖြစ်၍ သံသယပုဒ်၏ အရမဖြစ်ကောင်းသော အစရှိ သော ဇီဝိတနဝကကလာပ်ရုပ်တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟု ဆိုအပ် သော အသညသတ် ဥပပဇ္ဇန္တ ဖြစ်သော သုဂတိ အဟိတ် ပုထုဇဉ် ပုဂ္ဂိုလ်ကို အသညသတ္တာံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော ဥပ္ပဇ္ဇတိ၊ နော စ တေသံ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိဟု ပုရိမကောဋ္ဌာသ တင်

တော်မူ၍ သံသယကို ပဋိသိမ်မြစ်၍ သန္နိဋ္ဌာန် သံသယနှစ်ပုဒ် လုံး၏ အရဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ စေတသိက်ပဉ္စတိံသ ကမ္မဇကလာပ်သုံးစည်း ခုနစ်စည်း လေးစည်း တို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီဟုဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ်လေးယောက် အောက်ဖလဋ္ဌာန်ပုဂ္ဂိုလ် သုံး ယောက်ကိုပဉ္စဝေါကာရံ ဥပပဇ္ဇန္တာနံ တေသံ ရူပက္ခန္ဓော စ ဥပ္ပဇ္ဇ တိ။ ဝေဒနာက္ခန္ဓော စ ဥပ္ပဇ္ဇတီတိဟု ပစ္ဆိမကောဋ္ဌာသတင်တော် မူ၍ သံသယကို ပဋိသိမ်မမြစ်မူ၍ အဖြေငါးပါးတို့တွင် ပုရိမ ကော ဋ္ဌာသ ပစ္ဆိမကောဋ္ဌာသ နှစ်ပါး၏ သရုပ်ကို ပြတော်မူသောအား ဖြင့် သရူပဒဿန ဝိသဇ္ဇနာဖြင့် ဖြေတော်မူ၏။

အမှာ — အမေးလေးပါးဟူသော်ကား ပုရေပဉှော ပစ္ဆာ ပဉှော ပရိပုဏ္ဏပဉှော မောဃပဉှောတိ ဣမေ စတ္တာရော ပဉှာနာမ။ ဟုအဋ္ဌကထာ၌ ဆိုသည်။ ။မောဃပဉှာ၌ ပဋိသေဓဝိသဇ္ဇနာ ပဋိကမ္မ ဝိသဇ္ဇနာနှစ်ပါးကို ရ၏။ ပုရေ ပဉှာ၌ ပါဠိဂတိ။ ပစ္ဆာပဉှာ၌ ပဋိဝစန။ ပရိပုဏ္ဏပဉှာ၌ သရူပ ဒဿန။ ။ပဉ္စဝေါကာရ၌ ဝေါကာရ သဒ္ဒါသည် ခန္ဓာကို ဟော ၏။ စတုဝေါကာရ၌လည်းအတူ။ ဥတ္တရပဒလောပ။ ဘဝသဒ္ဒါ ကျေသည်။

ယဿဝါပန ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ။ ပ။ သန္နိဋ္ဌာန်ပုဒ်၏ အရ ကား အရူပပဋိသန္ဓေလေးခု စေတသိက်တိံသတို့၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဟုဆိုအပ်သော အရူပဥပပဇ္ဇန္တဖြစ်သော တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ ပဉ္စဝေါကာရ ပဋိသန္ဓေ ပန္နရသ စေတသိက်ပဉ္စတိံသ ကမ္မဇကလာပ် သုံးစည်း ခုနစ်စည်း လေးစည်းတို့၏ ဥပ္ပါဒက္ခဏသမင်္ဂီဟုဆိုအပ်သော ပဉ္စဝေါကာရ ဥပပဇ္ဇန္တ ဖြစ်သော ပုထုဇဉ် လေးယောက် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်လည်းရ၏။ သံသယကား နောက်သာရ၏။ ကောဋ္ဌာသတင်မြဲ၊ ထိုနောင် သညာက္ခန္ဓာ သင်္ခါရက္ခန္ဓာ ဝိညာ

ဏာက္ခန္ဓာတို့ကို အစဉ်အတိုင်း သွတ်၍ ဝေဒနာက္ခန္ဓမူလီ အတိုင်း ဟောလေ။

ရူပက္ခန္ဓမူကို။ပ။ ဝေဒနာက္ခန္ဓမူကို။ပ။ ထိုလည်း သညာက္ခန္ဓမူလီအစရှိသော အားဖြင့် သုံးပါး။ပ။ထိုတွင် သညာက္ခန္ဓမူလီကို။ပ။ ထိုလည်း အနုလောမ ပဋိလောမအားဖြင့် နှစ်ပါး။ပ။ ထိုတွင် အနုလောမကို။ပ။ထိုလည်း ပုစ္ဆာ ဝိသဇ္ဇနာအားဖြင့်နှစ်ပါး။ပ။ ထိုတွင် ပုစ္ဆာကို။ပ။ ထိုလည်း သန္နိဋ္ဌာန် သံသယအားဖြင့် နှစ်ပါး။ပ။ ထိုတွင် သန္နိဋ္ဌာန်ကို။ပ။ကား ယဿ ဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ၊ တည်း။ ထိုနောင် သံသယကို။ ပ။ ကား တဿ သညာက္ခန္ဓော ဥပ္ပဇ္ဇတိ တည်း။ ထိုနောင် ဝိသဇ္ဇနာကို။ပ။ ကား အာမန္တာ၊တည်း။ ပဋိလောမလည်း နည်းတူစစ်၍ ဟောလေ။ အနုလောမပုစ္ဆာ၌ ယဿဝေဒနာက္ခန္ဓော ဥပ္ပဇ္ဇတိ ဟူသော သန္နိဋ္ဌာန်ပုဒ်၏ အရကား ပဋိသန္ဓေစိတ် ဧကူနဝီသ စေတသိက် ပဉ္စတိံသ ကမ္မဇ ကလာပ်သုံးစည်း ခုနစ်စည်း လေးစည်းတို့၏ ဥပ္ပါဒက္ခဏသ မင်္ဂီဟု ဆိုအပ်သော စတုဝေါကာရ ဥပပဇ္ဇန္တဖြစ်သော ပုထုဇဉ်လေးယောက် အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သုံးယောက်ရ၏။ သံသယဝှင်းရ၏။

ထိုသို့ ရသောကြောင့် အကြင် ပုဂ္ဂိုလ်အား ဝေဒနာက္ခန္ဓာ ဖြစ်ဆဲ။ ထိုဝေဒနာက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား သညာက္ခန္ဓာ ဖြစ်ဆဲလောဟု မြတ်စွာဘုရား၌ တစုံတခုသော သံသယသည်မရှိသော်လည်း ဝေနေယျဇ္ဈာသယ အားဖြင့် မေးတော်မူဦး၍ အမေးလေးပါးတို့တွင် ပဉ္စမကောဋ္ဌာသ၏ အရနှင့်တူသော ပဉ္စာပဉ္စာဖြင့် မေးတော်မူသည့် အားလျောက်ပတ်စွာ ဝေဒနာက္ခန္ဓာ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား သညာက္ခန္ဓာ ဖြစ်ဆဲဟုတ်သည်သာ ဖြစ်သောကြောင့် သန္နိဋ္ဌာန်ပုဒ်၏ အရကို ဝန်ခံတော်မူသောအားဖြင့် အဖြေငါးပါးတို့တွင် အာမန္တာဟု ပဋိဝစန ဝိသဇ္ဇနာဖြင့် ဖြေတော်မူ၏။ ပဋိလောမလည်းနည်းတူ။ ။သင်္ခါရ ဝိညာဏမူလီလည်း နည်းတူ

ဟော။ ။သညာတည်း၍ သင်္ခါရ ဝိညာဏထည့် နှစ်ယမက။ သင်္ခါရ တည်း၍ ဝိညာဏထည့် တယမက။ ဝေဒနာမူအတိုင်း။ ။ပုဂ္ဂလ ဝါရပြီး၏။

## အနုလောမ ဩကာသ

